# စနစ်ကျ ဓမ္မပညာကို တည်ဆောက်ခြင်း

သင်ခန်းစာ သုံး

စနစ်ကျဓမ္မပညာမှ အဆိုပြုချက်များ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗီစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မှီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း** ..... 1

**ရင်းနှီးကျွမ်းဝင်ခြင်း** ..... 2

**အဓိပ္ပာယ်ဖွင့်ဆိုချက်** ..... 2

ညွှန်ပြချက် ..... 3

မှန်ကန်မှုရှိခြင်း ..... 4

ဓမ္မပညာပိုင်း ဆိုင်ရာ ..... 6

တဲ့တိုးကျခြင်း ..... 8

**တရားဝင်မှု** ..... 9

ဘုရားသခင်အကြောင်း အပြည့်အဝ နားမလည်နိုင်ခြင်း ..... 9

ခေတ်သစ် သိပ္ပံနည်းကျ ဆင်ခြင်တွေးခေါ်မှုဝါဒ ..... 11

**အခန်းကဏ္ဍ** ..... 13

**ဖွဲ့စည်းတည်ဆောက်မှု** ..... 15

**ဒဿနိကဆိုင်ရာ အပြန်အလှန်ထိတွေ့ဆက်ဆံမှု** ..... 15

**သမ္မာကျမ်းစာကို အနက်ဖွင့်ဆိုခြင်း** ..... 16

စိမ်ခေါ်မှုများ ..... 17

အချက်အလက်မှန်များအား ပေါင်းရုံးအနှစ်ချုပ်ခြင်း ..... 19

အချက်အလက် ပေါင်းစပ်စုစည်းခြင်း ..... 25

**ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ** ..... 29

**ခရစ်ယာန်အသက်ရှင်ခြင်း** ..... 30

အားပေးမြှင့်တင်မှု ..... 30

ဟန့်တားမှု ..... 31

**လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်း** ..... 33

အားပေးမြှင့်တင်မှု ..... 33

ဟန့်တားမှု ..... 35

**ကျမ်းစာ အနက်ဖွင့်ခြင်း** ..... 37

အားပေးမြှင့်တင်မှု ..... 38

ဟန့်တားမှု ..... 39

**နိဂုံးချုပ်** ..... 41





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ကမ္ဘာတလွှား ဥပဒေဆိုင်ရာ တရားရုံးတို့၌ ရှေ့နေတို့က သူတို့အမြင်ကို တရားသူကြီး သို့မဟုတ် ဂျူရီအဖွဲ့ လက်ခံယုံကြည်အောင် ကြိုးစားလေ့ရှိကြသည်။ ကိစ္စတစ်ရပ်၏ အခြေခံ အချက်အလက်တို့ကို လူတိုင်းနားလည်အောင် ကြောင်းကျိုးကျစွာ တင်ပြရေးသည် အမြဲလို အရေးပါလှသည်။ ထို့ကြောင့် မကြာခဏဆိုသလို ကြားနာချိန် ပြီးကာနီးလာသည်နှင့် "ဤအရာဟာ အဖြစ်မှန် တစ်ခုဖြစ်ပါတယ်" "ထိုအရာဟာ အဖြစ်မှန်တစ်ခု ဖြစ်ပါတယ်" "ဤကိစ္စ အမှန်တကယ် ဖြစ်ပျက်ခဲ့ပါတယ်" "ထိုကိစ္စ အမှန်တကယ် ဖြစ်ပျက်ခဲ့ပါတယ်" စသည်ဖြင့် အဆိုပြုချက်စဉ်အတွင်း အချက်အလက် ဖော်ပြခြင်းကို ရှင်းလင်းနိုင်သမျှ ရှင်းလင်းအောင် ပြန်လည် သုံးသပ်လေ့ရှိကြသည်။

ဟုတ်ပါသည်။ စနစ်ကျဓမ္မပညာမှာလည်း အလားတူ အဖြစ်မျိုးကို ပုံစံအမျိုးမျိုးနှင့် တွေ့ရပါသည်။ စနစ်ကျဓမ္မဗေဒသမားတို့သည် သီးသန့် အချက်အလက်များ၊ သီးသန့် ဓမ္မပညာဆိုင်ရာ အချက်အလက်များကိုလည်း တည်ဆောက်ယူကြရသည်။ ထို့ကြောင့် သူတို့ ပြောလိုသည့် အမှုကိစ္စများကို ရိုးစင်းရှင်းလင်းသော အဆိုပြုချက်များအနေဖြင့် သူတို့ တင်ပြကြသည်။

ဤအရာသည် စနစ်ကျဓမ္မပညာကို တည်ဆောက်ခြင်း ဆိုသည့် ကျွန်ုပ်တို့၏ သင်ခန်းစာစဉ်ထဲက တတိယမြောက် သင်ခန်းစာ ဖြစ်ပြီး "စနစ်ကျဓမ္မပညာမှ အဆိုပြုချက်များ" ဟု ခေါင်းစဉ်ပေးထားသည်။ အစဉ်အလာ စနစ်ကျဓမ္မပညာရှင်တို့သည် စင်ကြယ်သော ခရစ်ယာန် ဓမ္မပညာကို လေ့လာဖော်ထုတ်ရန်၊ ရှင်းလင်းတင်ပြရန်နှင့် ခုခံကာကွယ်ရန်တို့အတွက် ဆက်ကပ်အပ်နှံထားသူများ ဖြစ်ကြသည်။ ဤသင်ခန်းစာအတွင်း ကျွန်ုပ်တို့ တွေ့ကြရမည်ဖြစ်သလို ထိုဝန်ခံအပ်နှံမှု၏ အခြေခံကျသောကဏ္ဍသည် ဓမ္မပညာအဆိုပြုချက်ပုံစံများဖြင့် ခရစ်ယာန် ယုံကြည်ချက်တို့ကို ဖော်ပြလျက် ရှိသည်။

ကျွန်ုပ်တို့၏ သင်ခန်းစာကို အဓိကအပိုင်းသုံးပိုင်းခွဲပါမည်။ ပထမဦးစွာ စနစ်ကျဓမ္မပညာအတွင်းရှိ အဆိုပြုချက်များနှင့် ယေဘုယျသဘော ရင်းနှီးကျွမ်းဝင်မှုကို ရယူပါမည်။ ယင်းတို့သည် မည်သည့်အရာများဖြစ်ကြပါသနည်း။ ယင်းတို့သည် စနစ်ကျဓမ္မပညာတည်ဆောက်ခြင်း လုပ်ငန်းစဉ်ထဲ၌ မည်သို့ အံဝင်နေကြပါသနည်း။ ဒုတိယအားဖြင့် စနစ်ကျဓမ္မပညာအတွင်း အဆိုပြုချက်များအား မည်သို့ ဖွဲ့စည်းယူသည်ကို လေ့လာဖော်ထုတ်ပါမည်။ နောက်ဆုံး တတိယအားဖြင့် အဆိုပြုချက်များအပေါ် ဤစူးစိုက်မှု၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံအချို့ကို ဆန်းစစ်ကြပါမည်။ စနစ်ကျဓမ္မပညာ တည်ဆောက်ခြင်း၏ ဤရှုထောင့်နှင့် ယေဘုယျ ရင်းနှီးကျွမ်းဝင်မှုဖြစ်သည့် ပဏာမ ကြိုတင်စဉ်းစားချက်အချို့အပေါ် ကျွန်ုပ်တို့ အာရုံစိုက်ခြင်းနှင့် အစပြုကြပါမည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# ရင်းနှီးကျွမ်းဝင်ခြင်း

စနစ်ကျဓမ္မပညာထဲက အဆိုပြုချက်များနှင့် ရင်းနှီးကျွမ်းဝင်မှုယူရာ၌ ဆွေးနွေးရမည့် ကိစ္စ ၃ ခု ရှိသည်။ ပထမဦးစွာ အဆိုပြုချက်များကို ယေဘုယျ အဓိပ္ပာယ် ဖွင့်ဆိုပေးပါမည်။ ဒုတိယအားဖြင့် ယင်းတို့၏ တရားဝင်မှုအပေါ် စူးစိုက်ကြပါမည်။ နောက်ဆုံး တတိယအားဖြင့် ဓမ္မပညာအဆိုပြုချက်တို့၏ အခန်းကဏ္ဍကို ဖော်ပြကြပါမည်။ စနစ်ကျဓမ္မပညာကို တည်ဆောက်သည့် လုပ်ငန်းစဉ်တစ်ခုလုံးတွင် ယင်းတို့သည် မည်သည့်ကဏ္ဍကို တာဝန်ယူကြပါသနည်း။ ဓမ္မပညာဆိုင်ရာ အဆိုပြုချက်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ဦးစွာ ကြည့်ကြပါစို့။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

ဓမ္မပညာကို ပုံစံအထူးထူးအထွေထွေဖြင့် ဖော်ပြနိုင်ကြောင်း ကျွန်ုပ်တို့အများစု သဘောရသည်ဟု ကျွန်ုပ် ပြောသည်ဆိုပါစို့။ ကျွန်ုပ်တို့ ဆုတောင်းသည့်အခါ၊ ဓမ္မသံပုံများ သီဆိုသောအခါ၊ ဧဝံဂေလိဟောသည့်အခါ၊ ကလေးများကို ကျမ်းစာပုံပြင်ပြောပြသည့်အခါ၊ သို့မဟုတ် သူငယ်ချင်းများနှင့် ယုံကြည်ခြင်းအကြောင်း ဆွေးနွေးသည့်အခါ ခရစ်ယာန် ဓမ္မပညာကို ကျွန်ုပ်တို့ ဖော်ပြကြသည်။ သို့သော် စနစ်ကျ ဓမ္မပညာစည်းမျဉ်းတွင်မူ ဓမ္မပညာကို စကားလုံးများဖြင့် ဖော်ပြရာနည်းတနည်းသာ ရှိပြီး ၎င်းသည် ဓမ္မပညာအဆိုပြုချက်ပုံစံများအရ ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအရ ဓမ္မပညာအဆိုပြုချက်များအား ယခုလို အဓိပ္ပာယ်ဖွင့်ဆိုကြပါမည်-

ဓမ္မပညာ အဆိုပြုချက်တစ်ခုသည် အနည်းဆုံးဓမ္မပညာဆိုင်ရာ အချက်အလက်တစ်ခုနှင့် ပတ်သက်သည့် အဆိုတစ်ခုကို တိုက်ရိုက်ကျနိုင်သလောက်ကျအောင် အခိုင်အမာပြောဆိုသော ညွှန်ပြချက်ဝါကျ တစ်ကြောင်း ဖြစ်သည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက် အသေးစိတ်ကို ကျွန်ုပ်တို့ မလေ့လာမီ ကျွန်ုပ်တို့ဆိုလိုရင်းအတွက် သာဓက အချို့ကို ကြည့်ကြပါစို့။

ဝီလျံရှက်ဒ် ၏ တရားသေဓမ္မပညာ အတွဲ၂၊ အပိုင်း၂၊ အခန်း ၂ တွင် ခရစ်တော်၏ နာခံခြင်းမျက်နှာစာ နှစ်ဖက်အကြောင်း ယခုလို ဖော်ပြချက်များ ပြုထားသည်-

> ခရစ်တော်၏ တက်ကြွလှုပ်ရှားသော နာခံခြင်းနှင့်
> မတုန်မလှုပ်ဝန်ခံသောနာခံခြင်းတို့အကြား ကွဲပြားအောင် ခွဲခြားထားသည်။
> ဒုတိယဖော်ပြချက်သည် ခရစ်တော်၏ ဆင်းရဲဒုက္ခရှိသမျှကို ဖော်ပြသည်။
> ခရစ်တော်၏ လှုပ်ရှားတက်ကြွသော နာခံခြင်းသည်
> ကျင့်ဝတ်ပညတ်တော်များကို အပြည့်အဝလိုက်လျှောက်ခြင်းကို ဆိုလိုသည်။

ဤနေရာတွင် အခြေခံကျသော အခိုင်အမာပြောဆိုချက် သုံးချက်ကို ရှက်ဒ် ပြုလုပ်ခဲ့သည်။ ပထမအားဖြင့် ခရစ်တော်၏ နာခံခြင်းကို လှုပ်ရှားတက်ကြွသော အတန်းအစားနှင့်

မတုန်မလှုပ်ဝန်ခံသော အတန်းအစားအဖြစ် နှစ်မျိုး ဖော်ပြနိုင်ကြောင်း သူ ယေဘုယျဖော်ပြသည်။ ဒုတိယအားဖြင့် ခရစ်တော်၏ မတုန်မလှုပ်ဝန်ခံသော နာခံခြင်းဆိုသည်မှာ ဆင်းရဲဒုက္ခကို ဖွဲ့နှင့် ဖြတ်သန်းခြင်း ဖြစ်သည်။ နောက်ဆုံး တတိယအားဖြင့် ခရစ်တော်၏ တက်ကြွလှုပ်ရှားသော နာခံခြင်းသည် ဘုရားသခင့် ကျင့်ဝတ်ပညတ်တော်ကို အပြစ်ဆိုဖွယ်မရှိ အပြည့်အဝလိုက်လျှောက်ခြင်းကို ဆိုလိုသည်။

သို့သော် ပြီးခဲ့သည့် သင်ခန်းစာကို ပြန်ပြောင်းဆင်ခြင်သည့်အခါ "မတုန်မလှုပ် ဝန်ခံသော နာခံခြင်း" နှင့် "တက်ကြွလှုပ်ရှားသော နာခံခြင်း" ဆိုသည့် ပညာရပ် ဓမ္မဝေါဟာရနှစ်ခုအပေါ်တွင် ရှက်ဒ်က စူးစိုက်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ သို့သော် ဤသင်ခန်းစာတွင်မူ ရှက်ဒ်လို ပုဂ္ဂိုလ်တို့က ဓမ္မပညာ အဆိုပြုချက်များထဲ ပညာရပ်ဝေါဟာများ ပေါင်းစပ်ထည့်သွင်းကြသည့် ပုံစံများကို ကျွန်ုပ်တို့ ပိုမိုစိတ်ဝင်စားပါသည်။ ဤကိစ္စကို လေ့လာဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နောက်တကြိမ် ထပ်မံလေ့လာကြပါစို့။

> ဓမ္မပညာ အဆိုပြုချက်တစ်ခုသည် အနည်းဆုံးဓမ္မပညာဆိုင်ရာ အချက်အလက်တစ်ခုနှင့် ပတ်သက်သည့် အဆိုတစ်ခုကို တိုက်ရိုက်ကျနိုင်သလောက်ကျအောင် အခိုင်အမာပြောဆိုသော ညွှန်ပြချက်ဝါကျ တစ်ကြောင်း ဖြစ်သည်။

ဤအဓိပ္ပာယ် ဖွင့်ဆိုချက်သည် စနစ်ကျဓမ္မပညာရှိ အဆိုပြုချက်များဆိုင်ရာ အင်္ဂါရပ် လေးခုအပေါ် စူးစိုက်ထားသည်။ ပထမအားဖြင့် ယင်းတို့သည် "ညွှန်ပြချက် ဝါကျများ" ဖြစ်ကြသည်။ ဒုတိယအားဖြင့် ယင်းတို့သည် အချက်အလက်ဆိုင်ရာ အဆိုများ ဖြစ်ကြသည်။ တတိယအနေနှင့် ယင်းမှန်ကန်သော အဆိုတို့သည် အခြေခံအားဖြင့် ဓမ္မပညာကိုပေးသော သဘောရှိသည်။ နောက်ဆုံး စတုတ္ထအားဖြင့် ယင်းတို့သည် မှန်ကန်သော ဓမ္မပညာအဆိုတို့ကို တိုက်ရိုက်ပြပေးကြသည် သို့မဟုတ် ကျွန်ုပ်တို့ ဖော်ပြခဲ့သလို ယင်းတို့သည် အကြောင်းအရာတို့အား "တိုက်ရိုက်ကျနိုင်သလောက်ကျအောင်" ဖော်ပြပေးကြသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်၏ ရှုထောင့် တစ်ခုချင်းစီကို ပိုမိုအသေးစိတ်လေ့လာရန် ဓမ္မပညာ အဆိုပြုချက်တို့သည် ညွှန်ပြချက် ဝါကျများ ဖြစ်သည်ဆိုသည့် ယူဆချက်နှင့် အစပြုကြပါစို့။

## ညွှန်ပြချက်

သာမန် လူ့ဘာသာစကားတွင် ဝါကျပုံစံ အမျိုးမျိုးကွဲပြားကြကြောင်း ကျွန်ုပ်တို့ သိထားကြသည်။ သာဓကအားဖြင့် "ငါ့သော့ဘယ်မှာလဲ" ဆိုသည့် ဝါကျသည် အမေးဝါကျတစ်ခု၊ မေးခွန်းတစ်ခု ဖြစ်သည်။ "တံခါးဖွင့်ပေးပါ" ဆိုသည့်ဝါကျသည် အမိန့်ပေးဝါကျဖြစ်သည်။ အကြောင်းမှာ ခိုင်းစေချက်တစ်ခု သို့မဟုတ် ဖိတ်ခေါ်ချက်တစ်ခု ပေးနေ၍ ဖြစ်သည်။ ယင်းသို့သော ဝါကျများကို အဆိုပြုချက်တစ်ခုအဖြစ် မသတ်မှတ်နိုင်ပါ။ သို့သော် "တံခါးကို ငါ့သော့က ဖွင့်ပေးလိမ့်မယ်" ဆိုသည့် ဝါကျမျိုးမူကား သော့တံက လုပ်ပေးမည့်အရာကို ကြေညာသည့် ညွှန်ပြချက် ဝါကျမျိုး ဖြစ်သည်။

စနစ်ကျဓမ္မပညာရှင်တို့က ၎င်းတို့၏ အမြင်ရှုထောင့်တို့ကို တင်ပြသည့်အခါ အသုံးအနှုန်း မျိုးစုံသုံးကြပြီး တစ်ချိန်တည်းမှာပင် စနစ်ကျဓမ္မပညာ၌ လွှမ်းမိုးထင်ပေါ်နေသော အသုံးအနှုန်းသည် ရိုးရိုးရှင်းရှင်း ညွှန်ပြသည့် ဖော်ပြချက်များဖြစ်ကြောင်း ကျွန်ုပ်တို့ ရှင်းလင်းစွာသိထားကြရပါမည်။ ဤအသုံးအနှုန်းပုံစံသည် လွန်စွာမှ လွှမ်းမိုးနေရကား အစဉ်အလာ စနစ်ကျဓမ္မပညာကို အခြားနည်းဖြင့်ရေးသားဖော်ပြရန် မဖြစ်နိုင်ပါ။

အဆိုပြုချက်တို့သည် ညွှန်ပြချက်ဝါကျပုံစံရှိကြကြောင်း နားလည်မှုအပြင် မှန်ကန်သောအဆိုများကို အခိုင်အမာဖော်ပြရန် ယင်းတို့အား ပုံစံချထားကြောင်းကိုလည်း သိမြင်ရန် လိုအပ်ပါသည်။

## မှန်ကန်မှုရှိခြင်း

အဆိုပြုချက်တို့သည် အချက်အလက်မှန်တို့ကို ဖော်ထုတ်၊ ရှင်းပြပေးကြသည်။ ယခု ထောင်စုနှစ်တစ်ခု ကြာလာသည့်အခါ မတူကွဲပြားသော အဆိုပြုချက်ပုံစံများစွာသည် မတူကွဲပြားသော မှန်ကန်ချက် အဆိုများစွာကိုပေးကြောင်း ဒဿနိကပညာရှင်များ၊ ဓမ္မပညာရှင်များနှင့် ဘာသာဗေဒပညာရှင်များစွာက သတိပြုမိလာကြသည်။ အဆိုပါ ကိစ္စရပ်များအားလုံးကို ကျွန်ုပ်တို့ ခြုံငုံဖြေရှင်းနိုင်ရန်မှာ ခက်ခဲရှုပ်ထွေးလွန်းပါသည်။ သို့သော် အကြောင်းကိစ္စတို့ကို အလွယ်လုပ်မိနိုင်ခြေရှိလျက်ပင် စနစ်ကျဓမ္မပညာကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ရာ၌ စဉ်းစားရမည့် အဆိုပြုချက်ဆိုင်ရာရှုထောင့်နှစ်ခုကို ကျွန်ုပ်တို့ သတိပြုမိဖို့ လိုပါသည်။

အရစ္စတိုတယ် ကျမ်းများနှင့် ယုတ္တိဗေဒတွင် မြစ်ဖျားခံသည့် ဆွေးနွေးချက် ကောက်ကြောင်းများအတိုင်း လိုက်နာလျက် အဆိုပြုချက်တို့အား ဦးစွာပထမ ယင်းတို့၏ အရေအတွက်၊ ဒုတိယအားဖြင့် ယင်းတို့၏ အရည်အသွေးတို့အရ ခွဲခြားနိုင်ကြောင်း ကျွန်ုပ်တို့ပြညွှန်ကြပါမည်။

ပထမဦးစွာ အဆိုပြုချက်တို့အား ယင်းတို့၏ အကြောင်းအရာ အရေအတွက်ကိုလိုက်၍ ခွဲခြားကြပါမည်။ အားလုံးအတွက် အမြဲတမ်း မှန်ကန်နေသော အဆိုပြုချက်တစ်ခု၏ အကြောင်းအရာတွင် အစုတစ်ခု၏ အစုဝင်မှန်သမျှကို ခြွင်းချက်မရှိ ထည့်ထားရသည်။ သာဓကအားဖြင့် "တိရစ္ဆာန်ရှိသမျှမှာ အမွေးအမှင်ရှိကြသည်" ဟူသည့် ဖော်ပြချက်သည် တိရစ္ဆာန်အားလုံးအတွက် မှန်ကန်သည့်အရာတစ်ခုရှိကြောင်း အဆိုပြုထားသည်။

များစွာအလားတူပင် စနစ်ကျဓမ္မပညာရှင်တို့သည်လည်း မကြာခဏဆိုသလို ဓမ္မပညာ၌ အားလုံးအတွက် အမြဲတမ်းမှန်ကန်နေသည့် အဆိုများကို ပြုလေ့ရှိသည်။ "လူသားတိုင်းသည် ဘုရားသခင့် ပုံသဏ္ဍာန်တော် ဖြစ်ကြသည်" သို့မဟုတ် "ကောင်းမြတ်စုံလင်သော ဆုကျေးဇူး ရှိသမျှသည် ဘုရားသခင့်အထံတော်မှလာသည်" ဆိုသကဲ့သို့သောအရာတို့ကို ပြောဆိုခြင်းသည် ဓမ္မပညာရှင်တို့ ပုံမှန်လုပ်နေကျဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း အခြား အဆိုပြုချက်တို့မှာ "သီးသန့်" ဖြစ်ကြသည်။ အကြောင်းမှာ ယင်းတို့၏ အကြောင်းအရာတို့သည် ပိုမိုကြီးမားသော အစုတစ်ခု၏ အချို့သော အစုဝင်တို့နှင့်သာ သက်ဆိုင်နေ၍ ဖြစ်သည်။ သာဓကအားဖြင့် "ဤအိမ်သည် ကျွန်ုပ်အိမ်ဖြစ်သည်" ဟု ကျွန်ုပ်ဆိုပါလျှင်

အားလုံးနှင့် မဆိုင်သော သီးသန့် မှန်ကန်သည့် အဆိုတစ်ခုကို ကျွန်ုပ်တင်သွင်းနေခြင်း ဖြစ်သည်။ ရှိသမျှအိမ်တို့၏ အကြောင်းကို ကျွန်ုပ်ပြောနေခြင်းမဟုတ်ဘဲ ကျွန်ုပ်၏ ကိုယ်ပိုင်အိမ်အကြောင်းကိုသာ ကျွန်ုပ်ပြောနေတာ ဖြစ်သည်။

စနစ်ကျဓမ္မပညာသမားတို့သည် မကြာခဏဆိုသလို သီးသန့်ဆန်ပြီး မှန်ကန်သော အဆိုပြုချက်များကိုလည်း တင်သွင်းလေ့ရှိသည်။ သာဓကအားဖြင့် "အချို့သော အသင်းသားတို့သည် မယုံကြည်သူများ ဖြစ်ကြသည်" ဟု သူတို့ ပြောဆိုမည် သို့မဟုတ် "ပေါလုသည် တမန်တော်တစ်ပါး ဖြစ်သည်" စသည်ဖြင့် တစ်ခုခုကို သူတို့ အဆိုပြုသည်ဆိုပါစို့။

ယေဘုယျဆိုရလျှင် စနစ်ကျဓမ္မပညာရှင်တို့သည် အရေအတွက်များကို တိကျနိုင်သလောက် တိတိကျကျ ဖော်ပြရန်၊ တခါတရံ ကျမ်းစာထဲက သီးသန့် ကျမ်းချက်များထက်ပင် ပိုမိုတိကျစေရန် ကြိုးစားဖော်ပြလေ့ရှိသည်။ သို့သော် အချိန်နှင့်အမျှ ခြွင်းချက်များကို ချန်လှပ်ထားခြင်းအားဖြင့် အရေးအရာတို့ကို ယေဘုယျဆန်သွားအောင် အတိုချုံ့ပစ်လာကြလိမ့်မည် ဖြစ်သည်။ သာဓကအားဖြင့် "လူသားတိုင်းသည် အပြစ်သားများဖြစ်ကြသည်" ဟု ပြောဆိုခြင်းသည် စနစ်ကျဓမ္မပညာရှင်တို့အတွက် ပုံမှန် လုပ်ရိုးလုပ်စဉ် ဖြစ်သည်။ အပေါ် ရုံကြည့်လျှင် အားလုံးအတွက် အမြဲတမ်းမှန်ကန်သော အဆိုပြုချက်သည် မှန်သယောင် ရှိသည်။ သို့သော် ဤဖော်ပြချက်သည် တိကျသင့်သလောက် မတိကျသေးပေ။ အမှန်စင်စစ် ယေရှုသည် လူသားစစ်စစ် တစ်ဦး ဖြစ်သော်လည်း ဖြောင့်မတ်သောသူဖြစ်ကြောင်း ကျမ်းစာတစ်အုပ်လုံးက သွန်သင်ထားသည်။ ထို့ကြောင့်ပင် မကြာခဏဆိုသလို စနစ်ကျ ဓမ္မပညာရှင်တို့သည် ယင်းတို့ လုပ်ဆောင်သည့် မည်သည့်အချိန်ကာလမှာမဆို ရှိရှိသမျှအားလုံးနှင့် သက်ဆိုင်သော အကြောင်းအရာ တစ်စုံတစ်ခုကို အမှန်တကယ် အဆိုပြုနေသလား သို့တည်းမဟုတ် သူတို့ဖော်ပြသည့် အရာတို့၏ အတန်းအစား တစ်စိတ်တစ်ပိုင်းမျှကိုသာ အဆိုပြုနေသလား ဆိုသည်ကို ကျွန်ုပ်တို့ မကြာခဏ အချိန်ယူကာ မေးမြန်းဖို့လိုအပ်သည်။

ဒုတိယအားဖြင့် အရေအတွက်အရသာမက အရည်အသွေးအရလည်း အဆိုပြုချက်တို့ကို ခွဲခြားသတ်မှတ်နိုင်သည်။ ဆိုလိုသည်မှာ ယင်းတို့အား အခိုင်အမာဝန်ခံ ပြောဆိုချက်များအဖြစ်၎င်း၊ အခိုင်အမာ ငြင်းဆိုပြောဆိုချက်များအဖြစ်၎င်း အတန်းအစား သတ်မှတ်ပေးနိုင်သည်။ တစ်ဖက်တွင် အခိုင်အမာ ဝန်ခံပြောဆိုချက်များသည် တစ်စုံတစ်ခု မှန်ကန်ကြောင်းကို အပြုသဘော ဖော်ပြသည်။ နေ့စဉ်သုံးစကား၌ "ဒီခွေးက ကျွန်တော့်ခွေးပါ" ကဲ့သို့သော အရာမျိုးကို ကျွန်ုပ်တို့ ပြောဆိုနိုင်ကြသည်။ ဤအရာသည် သီးသန့်သဘောရှိပြီး ဝန်ခံသော ဖော်ပြချက် ဖြစ်သည်။ ကျွန်ုပ်ပိုင်ဆိုင်သော အရာများစွာထဲတွင် ဤသီးသန့်ခွေးတစ်ကောင်လည်း အပါအဝင်ဖြစ်ကြောင်း ယင်းက ဝန်ခံသည်။ စနစ်ကျဓမ္မပညာတွင် "အချို့သောကျမ်းပိုဒ်တို့သည် သန့်ရှင်းခြင်းအကြောင်းကို သွန်သင်သည်" ကဲ့သို့သော အဆိုပြုချက်သည်လည်း သီးသန့် ဝန်ခံအဆိုပြုချက်တစ်ခု ဖြစ်သည်။ အကြောင်းမှာ အချို့သော ကျမ်းစာသားအချို့သည် အနည်းဆုံး ဤအတန်းအစားမှာ ပါကြောင်း ၎င်းက ဖော်ပြ၍ ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

နေ့စဉ်ပုံမှန်ဘဝ၌ အားလုံးအတွက် အမြဲတမ်း မှန်ကန်ပြီး ဝန်ခံသော ဖော်ပြချက်တွင် "ကျွန်ုပ်ဆုံးရှုံးခဲ့သမျှအရာရာတိုင်းက ကျွန်ုပ်အတွက် အရေးကြီးပါတယ်" ဟု ပြောဆိုသလိုမျိုး ပါပါလိမ့်မည်။ အကြောင်းမှာ ကျွန်ုပ် ဆုံးရှုံးခဲ့သမျှအရာရာသည် အနည်းဆုံး ကျွန်ုပ်အတွက် အရေးပါသည့်ကဏ္ဍတစ်ခု ဖြစ်နေ၍ပင်။ စနစ်ကျဓမ္မပညာရှင်တို့သည် အလားတူ ဖော်ပြချက်များအား သူတို့လေ့လာမှုနယ်ပယ်အတွင်း မကြာခဏပြုလေ့ရှိသည်။ သာဓကအားဖြင့် "ဖန်ဆင်းထားသမျှ အရာအားလုံးကို ဘုရားသခင် ဖန်ဆင်းထားခြင်း ဖြစ်သည်" ဆိုသည့် ဖော်ပြချက်ကို ကြည့်ကြပါစို့။ ဤအဆိုပြုချက်က ဖန်ဆင်းခံအရာရာအားလုံးသည် ဘုရားသခင် ဖန်ဆင်းထားသည့် အရာရာ၏ အစုထဲမှာ ပါရှိနေကြောင်း ဝန်ခံအတည်ပြုသည်။

အခြားတစ်ဖက်တွင်လည်း အဆိုပြုချက်များ၌ အနုတ်သဘောဆောင်သည့် အရည်အချင်းတစ်ခုလည်း ရှိနိုင်ပြီး အားလုံးအတွက် အမြဲတမ်း မှန်ကန်မှု ဖြစ်နိုင်သည် သို့မဟုတ် သီးသန့်မှန်ကန်မှု ဖြစ်နိုင်သည်။ သာဓကအားဖြင့် "ဤအိမ်သည် ကျွန်ုပ်အိမ်မဟုတ်ပါ" ဟု ကျွန်ုပ်ပြောသည့်အခါ သီးသန့်ဖြစ်ပြီး အနုတ်သဘောရှိသော အဆိုပြုချက်တစ်ခုကို ကျွန်ုပ် ဖော်ပြခြင်း ဖြစ်သည်။ သို့ဖြစ်၍ အမြဲတမ်း အားလုံးအတွက် မှန်ကန်ပြီး အနုတ်သဘောဆောင်သော အဆိုပြုချက်တစ်ခုကို ကျွန်ုပ်ပြောလိုပါက "အခန်းထဲက ဘယ်သူမျှ အင်္ဂလိပ်စကား မပြောကြဘူး" ဆိုသည်မျိုးကို ကျွန်ုပ်ပြောနိုင်ပါသည်။ အနုတ်သဘောဆောင်သော အဆိုများသည်လည်း စနစ်ကျဓမ္မပညာထဲမှာ ရှိနေပါသည်။ သာဓကအားဖြင့် "ယေရှုသည် အပြစ်သားတစ်ဦးမဟုတ်ပါ" ဆိုသည်မျိုးသည် အနုတ်သဘော သီးသန့်အဆိုပြုချက်တစ်ခု ဖြစ်သည်။ ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ယေရှုအကြောင်း တစ်စုံတစ်ရာကို ၎င်းက ငြင်းဆိုထားသည်။ "မယုံကြည်သူတစ်ဦး ဖြစ်နေသူ မည်သူမဆို ကယ်တင်ခြင်း မရောက်နိုင်ပါ" ကဲ့သို့သော အမြဲတမ်း အားလုံးအတွက် မှန်ကန်သည့် အနုတ်သဘော ဖော်ပြချက်ကိုလည်း ဓမ္မပညာမှာ ကျွန်ုပ်တို့ တွေ့နိုင်ပါသည်။ မယုံကြည်သူအဖြစ် ဆက်လက်ဖွဲ့ကောင်းနေသူ မည်သူမဆို ကယ်တင်ခြင်း ရရှိမည့်သူများထဲ ပါဝင်ခြင်း မရှိကြပါ။

စနစ်ကျဓမ္မပညာကို ကျွန်ုပ်တို့ လေ့လာသည့်အခါ အရေအတွက်အရနှင့် အရည်အချင်းအရ အဆိုပါကွဲပြားခြားနားမှုများကို အမြဲနှလုံးသွင်းထားရန် အရေးကြီးပါသည်။ ယင်းတို့ကို ရှုပ်ထွေးနေလျှင် ဓမ္မပညာရှင်တို့ ဆိုနေသည့်အရာများကို ဆိုးဆိုးရွားရွား နားလည်မှုလွဲမှားသွားသည့်အခြေသို့ ဆိုက်သွားနိုင်ပါသည်။

ယခုတွင် ကျွန်ုပ်တို့ အဓိပ္ပာယ်ဖွင့်ဆိုချက်၏ တတိယရှုထောင့်ဖြစ်သော ဓမ္မပညာအဆိုပြုချက်တို့သည် ဓမ္မပညာဆိုင်ရာ အဆိုများကို ပြုပေးသည် ဆိုသည့်အပေါ် လှည့်ကြပါစို့။

## ဓမ္မပညာပိုင်း ဆိုင်ရာ

ကျွန်ုပ်တို့ အဓိပ္ပာယ် ဖွင့်ဆိုချက်ပေးထားသလိုပင် ဓမ္မပညာ အဆိုပြုချက်များသည် မှန်ကန်သော အဆိုများကိုသာ ပြုပေးရုံမဟုတ်ပဲ ဓမ္မပညာပိုင်းဆိုင်ရာ မှန်ကန်သော အဆိုများကို ပြုပေးခြင်းဖြစ်သည်။ ဓမ္မပညာခေါင်းစဉ်အောက်တွင် အလိုက်သင့် အံဝင်ခြင်း မရှိသော သမိုင်းအချက်အလက်များနှင့်

ဒဿနိကအချက်အလက်များကို စနစ်ကျဓမ္မပညာရှင်တို့ ကိုးကားကြခြင်းမှာလည်း မှန်ကန်ပါသည်။ သို့သော် သူတို့၏ အဓိက အကြောင်းအရာမှာ ဓမ္မပညာ ဖြစ်သည်။

သို့သော် "ဓမ္မပညာဆိုင်ရာ မှန်ကန်ချက်များ" နှင့်စပ်လျဉ်းသော ကျွန်ုပ်တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို နားလည်ဖို့ဆိုပါက ဓမ္မပညာသည် အတော်ပင် ကျယ်ပြန့်သော အကြောင်းအရာဖြစ်ကြောင်း ကျွန်ုပ်တို့ အမှတ်ရသင့်ပါသည်။ ဓမ္မပညာအား အဓိကအလေးပေးမှု နှစ်ခုရှိသည့်အနေဖြင့် သောမတ်စ် အကွိုင်းနပ်စ်က ဖွင့်ဆိုခဲ့ကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ *ဆူမာ သီအိုလိုဂီယာ* စာအုပ် ၁၊ အခန်း ၁၊ အပိုင်း ၇ တွင် ဓမ္မပညာအား အကွိုင်းနပ်စ်က "သန့်ရှင်းမြင့်မြတ်သော ဒြဝ်ါဒ" ဟု ခေါ်ဆိုထားပြီး

> ရှိသမျှအရာတို့ ယင်းတို့ကိုယ်တိုင် ဘုရားဖြစ်နေ၍ ဖြစ်စေ၊ သို့တည်းမဟုတ် ဘုရားသခင်ကို ယင်းတို့က ရည်ညွှန်းဖော်ပြ၍ ဖြစ်စေ ဘုရားဆိုသည့် ရှုထောင့်အောက်၌ အရာရာကို ဆွေးနွေးသုံးသပ်ရာ ပေါင်းစည်းထားသောသိပ္ပံ အဖြစ် ဖွင့်ဆိုထားသည်။

အကွိုင်းနပ်စ်၏ စကားလုံးတို့က စနစ်ကျ ဓမ္မပညာအတွင်း ဘုရားသခင်အကြောင်း သီးသန့် လေ့လာသည့် ဘုရားသခင်အကြောင်းဒြဝ်ါဒ နှင့် အထွေထွေ ဓမ္မပညာ ဆိုသည့် ဘုရားသခင်နှင့် ဆက်နွယ်သော အခြား အကြောင်းအရာ လေ့လာမှုများ အကြား ပုံမှန်အားဖြင့် ခွဲခြားထားပုံကို ထင်ဟပ်သည်။

ဤသို့ ပုံမှန် ခွဲခြားသတ်မှတ်ချက်နှင့် အညီ စနစ်ကျဓမ္မဗေဒသမားတို့သည် ဓမ္မပညာ၏ အဆိုပါ အဆင့်နှစ်ခုလုံးအပေါ်မှာ စူးစိုက်ထားသည်။ တစ်ဖက်တွင် စနစ်ကျဓမ္မဗေဒသမားတို့သည် ဘုရားသခင်နှင့် တိုက်ရိုက်ပတ်သက်သော ဖော်ပြချက်များ ပြုလုပ်ခြင်းဖြင့် ဘုရားသခင့်အကြောင်း သီးသန့် ဒြဝ်ါဒအပေါ် အာရုံစူးစိုက်ကြသည်။ "ဘုရားသခင်သည် သန့်ရှင်းတော်မူသည်" သို့တည်းမဟုတ် "ဘုရားသခင်သည် လောကဓာတ်ကို ဖန်ဆင်းတော်မူသည်" ဟူသကဲ့သို့သော အရာများကို သူတို့ပြောကြသည်-

သို့သော် အခြားတစ်ဖက်၌မူ ပိုကျယ်ပြန့်သည့် သဘောအနေဖြင့် စနစ်ကျဓမ္မပညာရှင်တို့သည် အထွေထွေ ဓမ္မပညာနှင့်လည်း ပတ်သက်စပ်ဆိုင်မှု ရယူကြပြီး ဘုရားသခင်နှင့် ဆက်နွယ်သည့် ဖန်ဆင်းခြင်း ရှုထောင့်များကို အဆိုပြုကြသည်။ ကယ်တင်ခြင်းနှင့် စပ်လျဉ်း၍ "ကယ်တင်ခြင်းသည် ဘုရားသခင့်ကျေးဇူးတော်အားဖြင့် ဖြစ်သည်" ဆိုသည်မျိုးတို့အား မကြာခဏ သူတို့ပြောလေ့ရှိသည်။ သို့တည်းမဟုတ် လူသားမျိုးနွယ်၏ အခြေအနေနှင့် စပ်လျဉ်းပြီး "ယနေ့လူသားတိုင်းသည် အပြစ်သားများ ဖြစ်ကြသည်" ဆိုသည်မျိုးတို့အား မကြာခဏ သူတို့ပြောလေ့ရှိသည်။ ဤသဘောအရ ဓမ္မပညာဆိုင်ရာ အဆိုပြုချက်တို့သည် ဘုရားသခင်ကိုယ်တိုင်၏ အကြောင်းထက် ပိုမိုများပြားသည့် အကြောင်းအရာများကို ဆွေးနွေးထားသော်ငြား ဘုရားသခင်နှင့် ၎င်းတို့၏ ဆက်နွယ်ပတ်သက်မှု အခြေအနေများကို ဆွေးနွေးရာတွင်မူ သွယ်ဝိုက်သည့် သဘောရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

စတုတ္ထအားဖြင့် စနစ်ကျဓမ္မဗေဒသမားတို့သည် တဲ့တိုးသို့မဟုတ် ရိုးရှင်းရေးအတွက် မြင့်မြင့်မားမား အလေးထားပြီး သူတို့၏ အမြင်တို့ကို ဖော်ပြရန် ရှာကြံကြကြောင်း သတိပြုရန်လိုပါသည်။

## တဲ့တိုးကျခြင်း

ဟုတ်ပါသည်။ ဘုရားသခင်အကြောင်း ဧကန် မဟုတ်သော အရာတစ်ခုခု၏ ဖော်ပြချက်ဟူသည် လုံးလုံးလျားလျား စုံလင်ပြည့်ဝမှုမရှိနိုင်ကြောင်း ကျွန်ုပ်တို့ အားလုံး သဘောပေါက်ကြသည်။   သို့သော် တစ်ချိန်တည်းမှာပင် စနစ်ကျဓမ္မဗေဒသမားတို့သည် ဓမ္မပညာဆိုင်ရာ အဆိုပြုချက်တို့ကို ဖွဲ့စည်းသည့်အခါ ဖြစ်နိုင်သမျှတဲ့တိုးကျအောင် ကြိုးစားကြသည်။

စနစ်ကျဓမ္မပညာရှင်တစ်ဦးအဖို့ ယခုလို "ဘုရားသခင်သည် သိုးထိန်းတစ်ပါး ဖြစ်တော်မူ၏" အလွယ်ပြောဆိုပြီး  ထိုနေရာတွင်ပင် ထိုနေရာမှာ ထားရစ်လိုက်ခြင်းသည် အတော်ပင် ထူးဆန်းသည့် ကိစ္စ ဖြစ်ပါလိမ့်မည်။   ဤဖော်ပြချက်သည် ကျမ်းစာနှင့် ကိုက်ညီပါသည်။ သို့သော် စနစ်ကျဗေဒသမားတို့သည် တိုက်ရိုက်တင်စားသော ဥပမာနှင့် အခြားသော အလင်္ကာများလို အရာတို့ကို သွယ်ဝိုက်သုံးသည့် ပုံစံမျိုးမှ ရှောင်ကြဉ်လိုကြသည်။     ထို့ကြောင့် "ထာဝရဘုရားသည် သိုးထိန်းတစ်ပါး ဖြစ်တော်မူသည်" ဟု ဆိုမည့်အစား "ဘုရားသခင်သည် မိမိလူတို့အား အထူးတလည် ထောက်ပံ့ပေးကမ်းသော ဘုရား ဖြစ်သည်" ဆိုသည်မျိုး ပြောဆိုခြင်းဖြင့် စနစ်ကျဓမ္မဗေဒသမားတို့သည် အကြောင်းကိစ္စကို ပိုမိုတဲ့တိုးကျစွာ ပြန်ဖော်ပြပေးလိုကြသည်။   သူတို့ကိုယ်သူတို့ ဖော်ပြသည့်အခါ ဖြစ်နိုင်သလောက် ပြတ်သားပြီး ရိုးရှင်းသော စကားပြေပုံစံရှိ အဆိုပြုချက်များအဖြစ် သူတို့ ဖော်ပြလိုကြသည်။

အကျဉ်းချုပ်ရမည်ဆိုလျှင် စနစ်ကျဓမ္မပညာကို လွှမ်းမိုးနေသော အတော်လေး တိကျသည့် ဖော်ပြချက်ပုံစံအပေါ်မှာ ကျွန်ုပ်တို့ စူးစိုက်နေကြောင်း ကျွန်ုပ်တို့ စွဲမှတ်ထားရန်လိုပါသည်။   ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အရ အနည်းဆုံး ဓမ္မပညာဆိုင်ရာ မှန်ကန်ချက် အဆိုတစ်ခုကို တဲ့တိုးအကျနိုင်ဆုံး ကျအောင် အခိုင်အမာဖော်ပြသည့် ညွှန်ပြချက်ဝါကျများအနေနှင့် ဓမ္မပညာဆိုင်ရာအသုံးအနှုန်းများကို ကျွန်ုပ်တို့ စဉ်းစားကြပါမည်။

ကျွန်ုပ်တို့၏ အခြေခံ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ထည့်သွင်းစဉ်းစားရင်း ဤအကြောင်းအရာအပေါ် ကျွန်ုပ်တို့ယေဘုယျ ရင်နှီးကျွမ်းဝင်မှု ရယူခြင်း၏ ဒုတိယမျက်နှာစာဖြစ်သည့် ဓမ္မပညာကို အဆိုပြုချက်များနှင့် တည်ဆောက်သည်မှာ မှန်ကန်ကြောင်း မည်သို့သက်သေပြမည်နည်းဆိုသည့် အချက်ထံလှည့်ကြပါစို့။    ဤလုပ်ငန်းစဉ်ကို တရားဝင်စေသည့်အရာမှာ အဘယ်နည်း။

# တရားဝင်မှု

အသင်းတော် သမိုင်းတလျှောက်တွင် ခရစ်ယာန်တို့သည် သူတို့၏ ယုံကြည်ခြင်းအား ရိုးရှင်းသော ဖော်ပြချက်ပုံစံများဖြင့် မကြာခဏ ဖော်ပြခဲ့ကြပြီး ဖြစ်သည်။ အေဒီ ၄ ရာစုက နိုင်ဆီး ပြဋ္ဌာန်းချက်အဖွင့်ကို သာဓကအားဖြင့် နားထောင်ကြည့်ကြပါစို့။

> ကျွန်ုပ်သည် တစ်ဆူတည်းသော ဘုရားသခင်၊ အနန္တတန်ခိုးရှင် ခမည်းတော်၊ ကောင်းကင်နှင့် မြေကြီးမှစ၍ မြင်နိုင်သောအရာ၊ မမြင်နိုင်သောအရာ ရှိရှိသမျှကို ဖန်ဆင်းတော်မူသောအရှင်ကို ယုံကြည်ပါသည်။

နိုင်ဆီး ပြဋ္ဌာန်းချက်တွင် အခြားအလွန်အရေးပါသည့် ဓမ္မပညာဆိုင်ရာ အဆိုပြုချက်များစွာကိုလည်း ထည့်သွင်းထားသည်။ ၎င်းနှင့်တကွ အလားတူ ပြဋ္ဌာန်းချက် များစွာအား ရာစုနှစ်များစွာတလျှောက် ခရစ်ယာန်တို့ လက်ခံကျင့်သုံးခဲ့ကြသည်။

တစ်ချိန်တည်းမှာပင် ဓမ္မပညာဆိုင်ရာ အဆိုပြုချက်များ အသုံးပြုခြင်း၏ တရားဝင်မှုအပေါ် မေးခွန်းထုတ်ခဲ့သူများစွာလည်း သမိုင်းတလျှောက်မှာ ရှိခဲ့သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များအရ အဓိကကျသည့် ကန့်ကွက်ချက်နှစ်ခုကို ကျွန်ုပ်တို့ ဖော်ပြလိုပါသည်- တစ်ဖက်တွင် ဘုရားသခင်ကို အပြည့်အဝ နားမလည်နိုင်မှုမှ ပေါ်ထွက်သည့် စိမ်ခေါ်ချက်များ ဖြစ်ပြီး အခြားတစ်ဖက်တွင်မူ ခေတ်သစ် သိပ္ပံနည်းကျ ဆင်ခြင်တွေးခေါ်မှုမှ ပေါ်ထွက်သည့် စိမ်ခေါ်ချက်များ ဖြစ်ကြသည်။ ဘုရားသခင်ကို အပြည့်အဝနားမလည်နိုင်မှုမှ ပေါ်ထွက်သည့် စိမ်ခေါ်မှုများအကြောင်း ဦးစွာ စဉ်းစားကြပါစို့။

## ဘုရားသခင်အကြောင်း အပြည့်အဝ နားမလည်နိုင်ခြင်း

ဤသြဝါဒ၏ အခြေခံကျောရိုးဖြစ်သည့် ဟေရှာယ ၅၅း၈-၉ ပါ ထင်ရှားသောစကားများနှင့် ကျွန်ုပ်တို့အားလုံး ရင်းနှီးပြီးသားဖြစ်ကြသည်။

> ထာဝရ ဘုရား မိန့်တော်မူသည်ကား "ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်နှင့် မတူ။ ငါ၏ အကျင့်သည်လည်း သင်တို့၏ အကျင့်နှင့် မတူ မိုးကောင်းကင်သည် မြေကြီးထက်သာ၍ မြင့်သကဲ့သို့ ငါ၏ အကျင့်သည် သင်တို့၏ အကျင့်ထက်ငင်း၊ ငါ၏ အကြံအစည်သည် သင်တို့၏ အကြံအစည်ထက်ငင်း သာ၍ မြင့်၏" (ဟေရှာ ၅၅း၈-၉)။

အကြောင်းမလှစွာပင် နေရာများစွာ၌ ဘုရားသခင်သည် ကျွန်ုပ်တို့ တွေးခေါ်စဉ်းစားနိုင်ရည်၏ အလွန်ကွာလှမ်းသည့်ဖက်တွင် ရှိနေရကား ကိုယ်တော်ကို ကျွန်ုပ်တို့ ဖော်ပြရန်ပင် မတတ်နိုင်ပါ ဆိုသည့်သဘောအယူအဆကို ထောက်ကူရန် ဤကျမ်းချက်နှင့် အလားတူ ကျမ်းချက်များစွာကို အသုံးပြုထားကြသည်။

ဤအမြင်အရဆိုလျှင် ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည်ဟု ပြောဆိုခြင်းသည် အမှန်တကယ်ဖော်ပြနိုင်စွမ်း မရှိသည့် အရာတစ်ခုကို ပြောရန်ကြိုးစားခြင်းပင် ဖြစ်သည်။ ယေရှုသာလျှင် ကယ်တင်ခြင်းသို့ ရောက်ရာလမ်းခရီးဖြစ်သည်ဟု ပြောဆိုခြင်းသည်လည်း မှန်ကန်ကြောင်း သက်သေမပြနိုင်ဘဲ ဘုရားသခင်ကို ကန့်သတ်ရာရောက်သည်။

ဤသို့တွေးခေါ်ဆင်ခြင်ခြင်းမျိုးသည် သမိုင်းတလျှောက် ပုံသဏ္ဍာန်အမျိုးမျိုး ဆောင်ယူခဲ့သည်။ – သာဓကအားဖြင့် ဘုရားသခင်အကြောင်း မည်သည့်အရာကို ပြောသည်ဖြစ်စေ တစ်ခုတည်းသောနည်းလမ်းမှာ via negativa ဆိုသည့်ဘာမဟုတ်ဖူး ဆိုသည်ကို ဖော်ပြသည့်နည်းလမ်းကို လိုက်နာရန်သာဖြစ်ကြောင်း ဓမ္မပညာရှင်များစွာတို့က ငြင်းခုံကြသည်။ *ဤအမြင်အရ ဘုရားသခင်သည် ဘာဟုတ်ပါသည်ဆိုသည့် အပြုသဘောဆောင် ဖော်ပြချက်များကို ကျွန်ုပ်တို့ မပြုလုပ်နိုင်ပါ။ ဖန်ဆင်းခံများနှင့် ဆန့်ကျင်နှိုင်းယှဉ်ခြင်းဖြင့်ကိုယ်တော်သည် ဘာမဟုတ်ကြောင်း ငြင်းဆိုဖော်ပြနိုင်ပါသည်။ "ဘုရားသခင်ကို အကွာအဝေး၊ ဝင်ဆန့်မှု အတိုင်းအတာတို့အားဖြင့် ကန့်သတ်၍ မဖြစ်နိုင်" "ဘုရားသခင်ကို အချိန်အားဖြင့် ချည်နှောင်၍ မရနိုင်" "ဘုရားသခင်သည် ရုပ်ခန္ဓာဒြပ်မရှိ" ဆိုသည်မျိုးတို့ကိုသာ ကျွန်ုပ်တို့ ပြောဆိုနိုင်ကြသည်။ သမိုင်းတလျှောက်တွင် ဘုရားကို မယုံကြည်သူ၊ ငြင်းပယ်သူ ဓမ္မပညာရှင်များစွာက ဘုရားသခင်နှင့် စပ်လျဉ်းပြီး အပြုသဘောဆောင်သည့် ဖော်ပြခြင်းကိုပင် ကျွန်ုပ်တို့ မတတ်စွမ်းနိုင်ကြကြောင်း ငြင်းခုံခဲ့ကြသည်။*

အဆိုပါ လွဲမှားသော အမြင်တို့နှင့် ဆန့်ကျင်ကွဲလွဲစွာပင် ကျွန်ုပ်တို့ ခရစ်တော်နောက်လိုက်များသည် သမ္မာကျမ်း သက်သေခံချက်အားဖြင့် ဓမ္မပညာအဆိုပြုချက်များ၏ တရားဝင်မှုကို အကဲဖြတ်ကြရမည် ဖြစ်သည်။ ဘုရားသခင်သည် မိမိကိုယ်မိမိဖွင့်လှစ်ဖော်ပြကြောင်း ကျွန်ုပ်တို့ ပြောဆိုသည့်အခါ ဘုရားသခင်ကို သိနိုင်သည်ဆိုသည့် အချက်နှင့်ယှဉ်လျက် ဘုရားသခင်ကို အကုန်အစင် မသိနားမလည်နိုင်ကြောင်း ပြောဆိုသောအားဖြင့် သမ္မာကျမ်းစာနောက်သို့ အစဉ်အလာ ဓမ္မပညာရှင်တို့ လိုက်ကြသည်။ တစ်ဖက်တွင် ဘုရားသခင်ကို အပြည့်အဝ ကျွန်ုပ်တို့ နားမလည်နိုင်ပါ။ သို့သော် အခြားတစ်ဖက်တွင်မူ ကျွန်ုပ်တို့ကို ကိုယ်တော် ဖွင့်လှစ်ဖော်ပြသည့်အခါ သူ့ကို ကျွန်ုပ်တို့ တစ်စိတ်တစ်ဒေသ သိနိုင်သည်။ ဘုရားသခင်ကို ဤတစ်စိတ်တစ်ဒေသမျှလောက် သိကျွမ်းခြင်းသည်လည်း စစ်မှန်သော သိကျွမ်းခြင်းပင် ဖြစ်သည်။ ဤကွဲပြားခြားနားမှုအကြောင်း ကျမ်းတစ်ပိုဒ်က ရှင်းပြထားသည်- တရားဟောရာကျမ်း ၂၉း၂၉ ထဲတွင် ဣသရေလအတွက် ဤလိုက်စရပ်အား ယခုလို မောရှေ အကျဉ်းချုပ်ပေးထားသည်-

> "ဝှက်ထားသော အရာများသည် ငါတို့၏ ဘုရားသခင် ထာဝရဘုရားနှင့် ဆိုင်၏။ ဖော်ပြထားသော ဤတရားစကားရှိသမျှကို လိုက်နာခြင်းသည် ငါတို့မှစ၍ ငါတို့၏ သားစဉ်မြေးဆက်များနှင့် ဆိုင်၏" (တရား ၂၉း၂၉)။

ဤနေရာတွင် အကြောင်းအရာတို့ကို အတန်းအစားနှစ်ခုအဖြစ် ခွဲခြားရှုမြင်ထားကြောင်း သတိပြုကြရပါမည်။ တစ်ဖက်တွင် "ဝှက်ထားသောအရာများ" အကြောင်း မောရှေ ပြောဆိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယင်းတို့သည် လူသားမျိုးနွယ်သို့ ဘုရားသခင် ဖွင့်လှစ်ဖော်ပြခြင်းမရှိဘဲ မိမိကိုယ်တော်တိုင်အတွက် သီးသန့်ထားရှိသောအကြောင်းအရာဆိုင်ရာ သိကျွမ်းမှု ဖြစ်သည်။ အမှန်စင်စစ် ဝှက်ထားပြီး ဖွင့်လှစ်ဖော်ပြခြင်း မရှိသော အရာတို့သည် လူ့အမြင်တွင် အကန့်အသတ်မဲ့နေကြောင်း ကျွန်ုပ်တို့ မိမိကိုယ်မိမိ သတိပေးကြဖို့လိုပါသည်။

တစ်ချိန်တည်းမှာပင် ကျွန်ုပ်တို့ မသိအောင် လျှို့ဝှက်ချက်များကို ဘုရားသခင် ထိန်းသိမ်းထားသည်ဟူ၍မောရှေ အလွယ်မပြောဆိုထားပါ။ အချို့သော အရာတို့ကို "ဖွင့်လှစ်ဖော်ပြ"ထားသည်ဟုလည်း သူပြောဆိုသည်။ ဆိုလိုသည်မှာ ဘုရားသခင်သည် သူ့စကားထဲတွင် ယင်းတို့အား ဖွင့်လှစ်ဖော်ပြထားပြီး ဖြစ်သည်။ မောရှေရေးသလို ဆိုပါက အဆိုပါ ဖွင့်ပြထားသည့် အရာတို့သည် "ငါတို့မှစ၍ ငါတို့၏ သားစဉ်မြေးဆက်များနှင့် ဆိုင်" ပေသည်။ တနည်းဆိုရလျှင် သူဖွင့်ပြထားသည်ကို ကျွန်ုပ်တို့အပြည့်အဝလက်ခံပြီး ယုံကြည်ဖို့ ဘုရားသခင် မျှော်လင့်တော်မူသည်။ ထို့ကြောင့်ပင် ကိုယ်တော်၏ ဖွင့်ပြချက်ကို ဖော်ပြရန် တရားဝင်ကြောင်း ဤအချက်က ပြသသည်။

အပြည့်အဝနားမလည်မသိရှိနိုင်ခြင်း ဩဝါဒထဲမှ ထိုးထွက်လာသည့် စိမ်ခေါ်မှုများအပြင် ဓမ္မပညာအဆိုပြုချက်များ၏ တရားဝင်မှုသည် ခေတ်သစ် သိပ္ပံနည်းကျ ဆင်ခြင်တွေးခေါ်မှုဝါဒ၏ စိမ်ခေါ်မှုကိုလည်း ခံရပြန်သည်။

## ခေတ်သစ် သိပ္ပံနည်းကျ ဆင်ခြင်တွေးခေါ်မှုဝါဒ

ပြီးခဲ့သည့် ခေတ်သစ် သိပ္ပံဝါဒ ရာစုနှစ်များ ဖြစ်သည့် ရာစုနှစ် နှစ်ခုအတွင်း ဓမ္မပညာဆိုသည်မှာ အတုအယောင် သိပ္ပံတစ်ခုသာ ဖြစ်ကြောင်း အတွေးအခေါ် စနစ်အမျိုးမျိုးက ငြင်းခုံခဲ့ကြပြီး ဖြစ်သည်။ ဆိုလိုသည်မှာ စနစ်ကျဓမ္မပညာရှင်တို့က ဓမ္မဒိဋ္ဌာန်ကျသည့် မှန်ကန်မှုများကို ဖော်ပြနိုင်ကြောင်း ဆိုကောင်းဆိုပေမည်၊ သို့သော် ယင်းသည် ဟန်ဆောင်မှုမျှသာ ဖြစ်သည်။ ခေတ်သစ်သိပ္ပံအရ ကိစ္စတစ်ခု၏ မှန်ကန်မှုကို ကျွန်ုပ်တို့ သိလိုသည့်အခါ အဆိုပြုချက်အယူအဆများကို ကျွန်ုပ်တို့ ဖွဲ့စည်းတည်ဆောက်ပြီး ယင်း အဆိုပြုချက်တို့အား လက်တွေ့ မှန်မမှန် သက်သေပြစေသည်။ အဆိုပြုချက်တစ်ခုသည် လက်တွေ့ မှန်မမှန် ဆန်းစစ်ချက် အောင်မြင်သည်နှင့် ယင်းအား မှန်ကန်ချက်တစ်ခုအဖြစ် ကျွန်ုပ်တို့ လက်ခံကြတော့သည်။ သို့သော် ဓမ္မပညာအဆိုပြုချက်တို့ မှန်မမှန်ကို ဤနည်းဖြင့် ဆန်းစစ်၍ မရနိုင်ကြောင်း သိပ္ပံပညာရှင်တို့က အလျင်အမြန်ပင် ညွှန်ပြခဲ့ကြပြီး ဖြစ်သည်။

ယခုတွင်မူ အနည်းဆုံး ရှုထောင့်တစ်ခုအရ ဤအချက်မှန်ကြောင်း ကျွန်ုပ်တို့အားလုံး ဝန်ခံကြရမည် ဖြစ်သည်။ အရည်တစ်မျိုးကို စမ်းသပ်ဖန်ပြွန်ထဲထည့်၍ ယင်း၏ ဂုဏ်သတ္တိတို့ကို ဆန်းစစ်နိုင်နေသော်လည်း ဘုရားသခင်သည် သုံးပါး တစ်ဆူ ဖြစ်ကြောင်းသိရဖို့ မည်သူမျှ ဘုရားကို စမ်းသပ်ဖန်ပြွန်ထဲ မထည့်နိုင်ပါ။ အရာဝတ္ထုတို့၏ အရွယ်အစားကို တိုင်းတာရန် ကိရိယာတန်ဆာပလာများကို ကျွန်ုပ်တို့ အသုံးချနိုင်သော်လည်း ဘုရားသခင်သည် အကန့်အသတ်မဲ့ကြောင်း သိရဖို့ ဘုရားကို တိုင်းတာစစ်ဆေးနိုင်သည့် ကိရိယာတန်ဆာပလာမျိုး မရှိပါ။ ဤအကြောင်းကြောင့်ပင် ဓမ္မပညာရှင်တို့သည် မိမိတို့၏ ခံစားချက်များ၊ ဘာသာရေး အသိစိတ်များ နှင့် သံယောဇဉ်များကို ထုတ်ဖော်ပြသသူပန်းချီဆရာများ၊ ကဗျာဆရာများနှင့် အကောင်းဆုံး

တူညီကြကြောင်း ခေတ်လူအများစုက ငြင်းခုံကြခြင်း ဖြစ်သည်။ လက်တွေ့ကျသည့် အချက်အလက်များကို ဖော်ပြသူများ ဖြစ်ဘိသကဲ့သို့ ကျွန်ုပ်တို့ ပြုမူကျင့်ဆောင်သည့်အခါ အခြားသူများကိုရော ကျွန်ုပ်တို့ကိုယ်ကိုပါ လှည့်ဖျားမိနေခြင်းသာ ဖြစ်သည်။ သို့သော် ဓမ္မပညာအဆိုပြုချက်များကို လက်တွေ့ကျကျ သက်သေပြနိုင်သည့် သဘောတစ်ခုတော့ ရှိနေပါသည်။ အရာရာသည် ကျွန်ုပ်တို့၏ အမြင်ရှုထောင့်များကို ထောက်ခံရန် သို့မဟုတ် ဆန့်ကျင်ရန် လက်တွေ့ကျသော အထောက်အထားအဖြစ် ကျွန်ုပ်တို့မှတ်ယူသည့် ကိစ္စသာဖြစ်ပေသည်။

ခရစ်တော်၏ နောက်လိုက်များအနေဖြင့် ကိုယ်တော်လိုက်နာခဲ့သော ဓမ္မပညာအတွင်း မှန်ကန်ကြောင်း သက်သေထူသည့်စံနှုန်းများကို လိုက်နာရန် ကျွန်ုပ်တို့ ဆက်ကပ်အပ်နှံထားကြသည်။ ယေရှုသည် သူ၏ ကိုယ်ပိုင် ဓမ္မပညာအဆိုတို့ကို မည်သို့ မှန်ကန်ကြောင်း သက်သေထူခဲ့ပါသနည်း။ အခြားသူတို့၏ ဓမ္မပညာအဆိုတို့ကို ကိုယ်တော် မည်သို့ ဆန်းစစ်ခဲ့ပါသနည်း။

အတိအကျဆိုရလျှင် အရာရာအတွင်း ဘုရားသခင် ရှိကြောင်း ဖွင့်ပြချက်ဖြစ်သည့် ယေဘုယျဖွင့်ပြချက်အပေါ် ယေရှု အားကိုးခဲ့သည်။ ယနေ့ကာလ ကျွန်ုပ်တို့ လုပ်ဆောင်သင့်သလို သန့်ရှင်းသောဝိညာဉ်တော်၏ အလင်းပေးဖွင့်ပြမှုအပေါ်မှာလည်း ယေရှု အားကိုးခဲ့သည်။ သို့သော် ဓမ္မပညာ အမြင်ရှုထောင့်များကို ဆန်းစစ်ရန် အရှင်းလင်းဆုံးနှင့် အခွင့်အာဏာအရှိဆုံး အရင်းအမြစ်မှာ မမှားမယွင်းနိုင်သော ကျမ်းစာဖြစ်ကြောင်း ယေရှု သွန်သင်ခဲ့သည်။ ဓမ္မပညာအဆိုတို့ကို ဆန်းစစ်လိုသည့်အခါ သူ၏ လက်တွေ့ကျသော စံနှုန်းအဖြစ် သမ္မာကျမ်းစာဆီသို့သာ ယေရှုအမြဲလိုလို လှည့်ခဲ့သည်။ သာဓကဆိုရလျှင် မဿဲ ၁၅း၇ ၌ ဖာရိရှဲတို့၏ လျှို့ဝှက်ခြင်းကို ယေရှု ရင်ဆိုင်စိမ်ခေါ်သည့်အခါ ကျမ်းစာကို ရည်ညွှန်းခြင်းဖြင့်သာ လုပ်ဆောင်ခဲ့သည်။ ထိုနေရာတွင်

> "လျှို့ဝှက်သောကျမ်းပြုဆရာ၊ ဖာရိရှဲတို့၊ ဟေရှာယသည် သင်တို့ကို ရည်မှတ်၍ လျောက်ပတ်စွာ ဟောခဲ့ပြီ" ဟူသောစကားများကို ကျွန်ုပ်တို့ ဖတ်ရသည်။

ဘုရားသခင်ကို စမ်းသပ်ဖန်ပြွန်ထဲတွင် ယေရှု ထည့်မစမ်းသော်လည်း ဓမ္မပညာအဆိုတို့ကိုမူ ဆန်းစစ်ခဲ့သည်။ သမ္မာကျမ်းစာလာ လက်တွေ့စံနှုန်းနှင့် ယင်းတို့ကို ဂရုတစိုက်အကဲဖြတ်ခြင်းဖြင့် ဓမ္မပညာအဆိုပြုချက်တို့ကို သူတိုင်းတာစစ်ဆေးခဲ့သည်။ မှန်ကန်ကြောင်း လက်တွေ့ သက်သေပြချက်မရှိဘဲ ဘုရားသခင်အကြောင်း သဘောအယူအဆတို့ကို ဓမ္မပညာက အဆိုပြုသည်ဆိုသည့် စွပ်စွဲချက်ကို ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များအနေဖြင့် လက်မခံရပါ။ ခရစ်ယာန်ရှုထောင့်မှဆိုရလျှင် စနစ်ကျဓမ္မပညာအဆိုတို့သည် ဘာသာရေးစိတ်ခံစားမှု ဖော်ပြချက် သက်သက်ထက် များစွာပိုပါသည်။ ယင်းတို့သည် သမ္မာကျမ်းစာနှင့် လက်တွေ့ကျကျ တိုက်ဆိုင်ဆန်းစစ်ခြင်းဖြင့် မှန်သည် မမှန်သည်ကို လက်တွေ့သက်သေပြနိုင်သော အရာများ ဖြစ်ကြသည်။

ယခုတွင် ဓမ္မပညာအဆိုပြုချက်ဆိုသည်မှာ ဘာကိုဆိုလိုသည်၊ ယင်းတို့သည် ဓမ္မပညာဆိုင်ရာ မှန်ကန်ချက်များကို ဖော်ပြရာ တရားဝင်နည်းလမ်းများအဖြစ် မည်သို့ ရှိနေကြသည် ဆိုသည်တို့ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့ တွေ့ပြီး ဖြစ်၍ စနစ်ကျဓမ္မပညာတည်ဆောက်မှုအတွင်း ယင်းတို့၏ အခန်း ကဏ္ဍ မည်သို့ ရှိသည်ဆိုသည့် တတိယ စဉ်းစားချက်ဆီ လှည့်ကြပါစို့။

## အခန်းကဏ္ဍ

ပရိုတက်စတင့် ဓမ္မပညာသည် အလယ်ခေတ် ဓမ္မပညာရှင်တို့ အရစ္စတိုတယ် အတွေးအခေါ် နှင့် အပြန်အလှန် ထိတွေ့ဆက်ဆံရင်း တိုးချဲ့လာခဲ့သည့် ဦးစားပေးသတ်မှတ်ချက်များစွာနောက်သို့ လိုက်ခဲ့ကြောင်း ပြီးခဲ့သည့်သင်ခန်းစာများအတွင်း ကျွန်ုပ်တို့တွေ့ပြီး ဖြစ်သည်။

အကျိုးရလာဒ်အားဖြင့် စနစ်ကျဓမ္မပညာတည်ဆောက်ရေးသည် အဓိကကျသော အဆင့်လေးဆင့် လိုအပ်သည်။ ယင်းတို့မှာ ပညာရပ်ဝေါဟာရများ ဖွဲ့စည်းခြင်း၊ အဆိုပြုချက်များ ဖွဲ့စည်းခြင်း၊ သြဝါဒသွန်သင်ချက်ဆိုင်ရာ ဖော်ပြချက်များနှင့် ယုံကြည်ချက်များကို ခြုံငုံဖော်ပြသည့်စနစ်တို့ ဖြစ်ကြသည်။  သို့သော် ယခုလို ပြောဆိုခြင်းမျိုးသည် တမင်လုပ်ယူသည့်ပုံ ပေါက်နေကြောင်းကိုလည်း ကျွန်ုပ်တို့ စွဲမှတ်ထားဖို့ လိုပါသည်။   စနစ်ကျဓမ္မဗေဒသမားတို့သည် အမှန်အားဖြင့် အချိန်တိုင်းတွင် ဤအဆင့်လေးဆင့်စလုံးမှာ မိမိတို့ကိုယ်မိမိတို့ ပါဝင်မိလျက်သား ဖြစ်ကြသည်။  သို့သော် နားလည်လွယ်ရန်အတွက် အရိုးရှင်းဆုံးမှသည် အခက်ခဲအရှုပ်ထွေးဆုံး အင်္ဂါရပ်များဆီသို့ တက်သွားသည့် လုပ်ငန်းစဉ်ပုံစံနှင့် စဉ်းစားခြင်းက အထောက်အကူ ဖြစ်စေပါသည်။

အနိမ့်ဆုံးအဆင့်၌ ပညာရပ် ဓမ္မပညာဝေါဟာရတို့တွင် စနစ်ကျဓမ္မပညာတည်ဆောက်ရေး အခြေခံအကျဆုံး အုတ်မြစ်များ ပါရှိနေသည်။ အသေအချာ အဓိပ္ပာယ်ဖွင့်ဆိုမထားသော အသုံးအနှုန်းများ မပါဘဲ စင်ကြယ်သော စနစ်ကျဓမ္မပညာတစ်ခုကို တည်ဆောက်ရန် အလွန်ပင် ခက်ခဲပါလိမ့်မည်။  လုပ်ငန်းစဉ်၏ ဒုတိယအဆင့်မှာ အဆိုပြုချက်များ ဖွဲ့စည်းခြင်း ဖြစ်သည်။ ပညာရပ်ဝေါဟာရများကို စနစ်ကျဓမ္မပညာ တည်ဆောက်ရေး၏ အခြေခံအကျဆုံး အုတ်မြစ်များအဖြစ် ကျွန်ုပ်တို့စဉ်းစားလျှင် ထိုမှတဆင့် အဆိုပြုချက်များအား ပညာရပ်ဝေါဟာရများအပေါ် အကျယ်ချဲ့ကာ ရှင်းပြသည့် အုတ်မြစ်တန်းများအဖြစ် ကျွန်ုပ်တို့ မှန်ကန်စွာ ရှုမြင်နိုင်ကြမည်ဖြစ်သည်။ စနစ်ကျဓမ္မပညာရှင်တို့သည် ဘုရားသခင်အကြောင်း၊ ကိုယ်တော်နှင့် ဆက်နွယ်သော ဖန်ဆင်းခြင်း အကြောင်း ဖော်ပြချက်များ ပြုလုပ်ပေးခြင်းဖြင့် အဆိုပါ အုတ်မြစ်တန်းတို့အား ဖန်တီးကြသည်။ ထို့ပြင် အဆိုပြုချက်များကို အုတ်မြစ်တန်းများအဖြစ် ကျွန်ုပ်တို့ စဉ်းစားပါက ထိုမှတဆင့် သြဝါဒဆိုင်ရာ ဖော်ပြချက်များအား အဆိုပါ အဆိုပြုချက်အုတ်မြစ်တန်းများထဲမှ တည်ဆောက်ထားရာ နံရံများ၏ အစိတ်အပိုင်းများ သို့မဟုတ် နံရံ အားလုံးအနေဖြင့် ကျွန်ုပ်တို့ ဖော်ပြနိုင်ကြမည်ဖြစ်သည်။ ထို့ပြင် အဆုံးသတ်အားဖြင့် စနစ်ကျဓမ္မပညာသည် သြဝါဒဆိုင်ရာဖော်ပြချက်များထဲမှ အဆောက်အဦ တစ်ခုလုံးကို ဓမ္မပညာရှင်တို့ တည်ဆောက်သည့် ပုံစံများအား ကိုယ်စားပြုသည်။ ဤဥပမာသည် စနစ်ကျဓမ္မပညာအတွင်း အဆိုပြုချက်တို့ ရယူထားသည့် အခြေခံ အခန်းကဏ္ဍကို အကြံပြုဖော်ပြနေသည်။ ယင်းတို့သည် စနစ်ကျဓမ္မပညာဟု ခေါ်သော အဆောက်အဦတစ်ခုလုံး၏ အစိတ်အပိုင်းဝင် ဖြစ်လာသော အသေအချာခင်းထားသည့် အုတ်မြစ်တန်းများပင် ဖြစ်ကြသည်။

သာဓကဆိုရလျှင် "ယေရှုသည် သုံးပါးတစ်ဆူဘုရား၏ ဒုတိယပုဂ္ဂိုလ် ဖြစ်သည်" ဆိုသည့် ဖော်ပြချက်ကို ကြည့်ကြပါစို့။ ဤအဆိုအား "ပုဂ္ဂိုလ်" နှင့် "သုံးပါးတစ်ဆူ" ဆိုသည့် အနည်းဆုံး ပညာရပ်ဝေါဟာရ နှစ်ခုနှင့် တည်ဆောက်ထားသည်။ သို့သော် ဤအဆိုပြုချက်သည် ယင်းဝေါဟာရများနှင့် ယင်းတို့ဆက်သွယ်နေသည့် သဘောအယူအဆတို့ကို တသီးတခြားစီ ဖြစ်မနေစေပါ။ ထိုအစား ယေရှုအကြောင်း မှန်ကန်ပြီး ရိုးရှင်းသော အဆိုတစ်ခုအဖြစ် အတူတကွ ပေါင်းစည်းနေကြသည်။ သို့သော် ဤအရာအပါအဝင် အခြားသောအဆိုပြုချက်များမှတဆင့် စနစ်ကျဓမ္မပညာရှင်တို့သည် သုံးပါးတစ်ဆူ ဩဝါဒသွန်သင်ချက်ဖွဲ့စည်းမှုကို ဆက်လုပ်သွားကြသည်။ သုံးပါးတစ်ဆူ ဩဝါဒသည်လည်း ခရစ်ယာန် ဓမ္မပညာစနစ် တစ်ခုလုံးကို ကိုယ်စားပြုသည့် အဆောက်အဦအတွင်း နံရံတစ်ခုဖြစ်သည့် ဘုရားသခင်အကြောင်း ဩဝါဒသွန်သင်ချက်၏ တစ်စိတ်တစ်ပိုင်းပင်ဖြစ်သည်။

စနစ်ကျဓမ္မပညာရှင်တို့ ဓမ္မပညာအကြောင်း ဆွေးနွေးခြင်း သို့မဟုတ် ရေးသားခြင်း ပြုကြသည့်အခါ စာရေးနည်းစနစ်ရှိသမျှကို သူတို့အသုံးပြုကြကြောင်း အမှတ်ရဖို့လိုပါသည်။ အယူအဆတို့ကို သူတို့ အဆိုပြုကြပြီး ထိုအဆိုများကို သက်သေပြကြသည်။ အခြားသူတို့၏ အယူအဆများကိုလည်း သူတို့ထောက်ခံကြပြီး ဆန်းစစ်မှုလည်း လုပ်ကြသည်။ မေးခွန်းမေးပြီး ရေးသားသည့်စနစ်ကို သူတို့ကျင့်သုံးကြသည်။ သမိုင်းကြောင်းအတွင်း အယူအဆတို့ တိုးချဲ့လာကြပုံကို သူတို့ ဇစ်မြစ်လိုက်ကြသည်။ စိတ်လှုံ့ဆော်မှုများကို သူတို့ လှစ်ပြ၍ ခံယူချက်အမျိုးမျိုးတို့၏ ကောင်းမွေ၊ ဆိုးမွေတို့ကို ပြည့်သွန်သည်။ အလင်္ကာသုံးနည်းများစွာကို ဒက်ကနဲ သူတို့ကြီးကြီးကျယ်ကျယ် စီစဉ်ခင်းကျင်းနိုင်ကြသည်။ သို့သော် ဓမ္မပညာအဆိုပြုချက်များသည် စနစ်ကျဓမ္မပညာအတွင်း ကျွန်ုပ်တို့တွေ့ရသည့် ရှင်းလင်းချက်၊ ငြင်းခုံချက်၊ ခုခံကာကွယ်ချက်နှင့် ယုံကြည်လက်ခံလာအောင် ဆွဲဆောင်သောနည်းစနစ် ရှိသမျှကို အုတ်မြစ်သဖွယ်ထောက်မပေးကြသည်။ ထို့ပြင် ယင်းတို့သည် စနစ်ကျဓမ္မပညာတည်ဆောက်ရေး လုပ်ငန်းစဉ်၏ အခြေခံကျသည့်အပိုင်းကိုလည်း ဖွဲ့စည်းပေးကြသည်။

ယခုတွင် စနစ်ကျဓမ္မဗေဒအတွင်း အဆိုပြုချက်များနှင့် ကျွန်ုပ်တို့ ယေဘုယျ ရင်းနှီးကျွမ်းဝင်မှုရှိလာပြီဖြစ်၍ ဓမ္မပညာအဆိုပြုချက်များအား ဖွဲ့စည်းတည်ဆောက်မှု ဆိုသည့် ကျွန်ုပ်တို့၏ ဒုတိယမြောက် ခေါင်းစဉ်ဆီ လှည့်ကြပါစို့။ စနစ်ကျဓမ္မပညာရှင်တို့သည် ယင်းတို့ စနစ်ကျဓမ္မပညာတည်ဆောက်ရာတွင် သုံးသည့် အဆိုပြုပြုချက်များအား မည်သို့ ဖွဲ့စည်းတည်ဆောက်ယူကြပါသနည်း။

# ဖွဲ့စည်းတည်ဆောက်မှု

အတွေ့အကြုံရှိသော ဓမ္မပညာရှင်တို့က သူတို့အဆိုပြုချက်များကို ဖန်တီးရာ၌ လိုက်နာကြသည့် လုပ်ငန်းစဉ်များမှာ အကြီးအကျယ် ခက်ခဲ ရှုပ်ထွေးသည်။ ထို့ကြောင့် သူတို့မည်သို့ ဖန်တီးသည်ကို ကျွန်ုပ်တို့လေ့လာဖော်ထုတ်ရာတွင် ကျွန်ုပ်တို့၏ ဆွေးနွေးချက်သည် တမင်တကာလုပ်ယူရပုံ ပေါက်သည်ကိုမှု သတိပြုမိရန် လိုအပ်သည်။ ထိုသို့ဆိုသည့်တိုင် စနစ်ကျဓမ္မပညာကို ပိုမိုတာဝန်ခံမှုရှိစွာဖြင့် ကျွန်ုပ်တို့တည်ဆောက်နိုင်ရန် ထောက်ကူသည့် အရေးကြီး ရှုထောင့်အချို့ကို ကျွန်ုပ်တို့ မီးမောင်းထိုးပြလိုပါသည်။

အခြေခံကျသော ဦးတည်ရာဖက်နှစ်ခုကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ပထမအားဖြင့် ဒဿနိကအတွေးအခေါ်နှင့် စနစ်ကျဗေဒသမားတို့ အပြန်အလှန်ထိတွေ့ဆက်ဆံသည့် ပုံစံများမှ လာသည့် အဆိုပြုချက်များအား ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် သမ္မာကျမ်းစာမှလာသော အဆိုပြုချက်များအား စနစ်ကျဓမ္မဗေဒသမားတို့ ဖွဲ့စည်းတည်ဆောက်ယူသည့် ပုံစံများကို ပိုအသေးစိတ်ကျနစွာ ကျွန်ုပ်တို့ လေ့လာကြပါမည်။ စနစ်ကျဓမ္မပညာရှိ အဆိုပြုချက်များစွာသည် ဒဿနိကအတွေးအခေါ်များမှ အမှန်တကယ် ဆင်းသက်လာသည်ဆိုသည့် အချက်ကို ဦးစွာ စဉ်းစားကြပါစို့။

## ဒဿနိကဆိုင်ရာ အပြန်အလှန်ထိတွေ့ဆက်ဆံမှု

ပလေတိုသစ် ဝါဒရှုမြင်ချက်များစွာသည် ကျမ်းစာနှင့်ကိုက်ညီသည်ဟု အသင်းတော်ဖခင်များကာလ၌ ခရစ်ယာန် ဓမ္မပညာ ရှင်များစွာတို့ ယုံကြည်ခဲ့ကြကြောင်း ပြီးခဲ့သည့် သင်ခန်းစာအတွင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ ထို့ကြောင့် ထိုအတွေးအခေါ်နှင့် ရင်းနှီးရာရောက်အောင် သူတို့၏ ယုံကြည်ချက်များကို သူတို့ဖော်ပြခဲ့ကြသည်။ အလယ်ခေတ်ကာလ အများစုဖြစ်သော ခရစ်ယာန်ထုကြီးက အရစ္စတိုတယ်ဒဿနသည် ထူးခြားအရေးပါသည့်ပုံစံများဖြင့် သမ္မာကျမ်းစာနှင့် ကိုက်ညီမှုရှိကြောင်း ယုံကြည်ခဲ့ကြသည်။ ထို့ကြောင့် သူတို့ပြောဆိုသည့် အရာများစွာသည် အရစ္စတိုတယ် ရှုထောင့်အမြင်တို့၏ ပုံသွင်းမှုအောက်မှာ ရှိနေသည်။ ထို့ပြင် ပရိုတက်စတင့် ဓမ္မပညာမှာပင်လျှင် အမျိုးမျိုးသော ခေတ်သစ်ဒဿနတို့သည် အကောင်းအတွက် ဖြစ်စေ၊ အဆိုးအတွက်ဖြစ်စေ အရေးကြီးသော အခြေခံအချက်အလက်များကို ပေးထားသည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် စနစ်ကျဓမ္မပညာအတွင်း ပေါ်ပေါက်သောအဆိုများစွာသည် ဒဿနိက ဆွေးနွေးချက်များထဲက ထွက်ပြူလာကြသည်။

သို့သော် အဆိုပါ ဒဿနိကရေသောက်မြစ်တို့မှ အဆိုပြုချက်များစွာ ဆင်းသက်ကြောင်း ကျွန်ုပ်တို့ သတိပြုမိသည်နှင့်အမျှ ကျွန်ုပ်တို့ ဂရုစိုက်ရန်လိုအပ်လာသည်။ အကြောင်းမှာ ဒဿနိက အတွေးအခေါ်များအကြောင်း ကျမ်းစာက သတိလည်းပေးနေသလို အသုံးချရန်လည်း အားပေးနေ၍ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အခြားတစ်ဖက်တွင် ရှင်ပေါလုက သာသနာပ အတွေးအခေါ်များကို သရော်ကဲ့ရဲ့ထားရာ ၁ကောရိန္သု ၁း၂၀ လို သတိပေးချက်များကို ကျွန်ုပ်တို့ ဂရုစိုက်ကြရပါမည်။

> ပညာရှိကား အဘယ်မှာနည်း။ ကျမ်းပြုဆရာကား အဘယ်မှာရှိသနည်း။ ဤလောကရှိ ဝေဖန်ရေးသမားကား အဘယ်မှာ ရှိသနည်း။ လောကီပညာကို ဘုရားသခင်သည် မိုက်စေတော်မူသည် မဟုတ်လော (၂ကောရိန္သု ၁း၂၀)။

ခရစ်ယာန် ဓမ္မပညာနှင့် လောကီအတွေးအခေါ်တို့ကြား အခြေခံဆန့်ကျင်ချက်ကို ခရစ်ယာန် ဓမ္မပညာရှင်တို့ပြန်သတိရခြင်းသည် အရေးကြီးလှသည်။

သို့သော် တစ်ချိန်တည်းမှာပင် တမန်တော် ၁၇း၂၇-၂၈ ၌ ဂရိ အတွေးအခေါ်ပညာရှင် ကဗျာဆရာ ကလီယန်သပ်စ်နှင့် အာရေတေးစ် တို့ပြောဆိုခဲ့သော စကားများမှ ဆွဲယူပြီး ဒဿနိကဆိုင်ရာ အပြုသဘောထင်ဟပ်ဖော်ပြချက်ကို ပေါလု ထုတ်ပြခဲ့သည်။

> အမှန်စင်စစ် ကိုယ်တော်သည် ငါတို့ တစ်စုံတစ်ဦးနှင့်မျှ ဝေးကွာတော်မူသည်မဟုတ်။ အကြောင်းမူကား သင်တို့ထဲမှ ကဗျာဆရာအချို့တို့က "ငါတို့သည်ကား ကိုယ်တော့်အမျိုးအနွယ် ဖြစ်ကြကုန်၏" ဟု စပ်ဆိုထားကြ၏" (တမန်တော် ၁၇း၂၇-၂၈)။

အန္တရာယ်ကို ကျွန်ုပ်တို့ သတိပြုကြရမည်ဖြစ်သော်လည်း အမျိုးမျိုးသော ဒဿနိက အတွေးအခေါ်များစွာနှင့် ခရစ်ယာန်ဓမ္မပညာရှင်တို့ အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းသည် မှန်ကန်ကြောင်း ဤကျမ်းပိုဒ်က ထင်ရှားပြနေသည်။ အေသင်မြို့၌ ပေါလုရှိနေစဉ် သူကိုယ်တိုင်ပင် ပြခဲ့သလို ဒဿနိကဆွေးနွေးချက်များမှ ထွက်ပြူလာသည့် မှန်ကန်သော အဆိုပြုချက်များကို သူတို့ ထည့်သွင်းအသုံးချခြင်းသည်လည်း မှန်ကန်ပေသည်။

အဆိုပါ ဒဿနိက ရေသောက်မြစ်များကို ကျွန်ုပ်တို့ သတိထားသင့်ကြသော်လည်း စနစ်ကျဓမ္မဗေဒအတွင်း ဓမ္မပညာအဆိုပြုချက်များအတွက် အရေးအကြီးဆုံး အရင်းအမြစ်အဖြစ် သမ္မာကျမ်းစာသည် ယခုတိုင် ဆက်ရှိနေသည်။ ဤအကြောင်းကြောင့်ပင် သမ္မာကျမ်း သွန်သင်ချက်ထဲက ဓမ္မပညာအဆိုတို့ကို စနစ်ကျဓမ္မဗေဒသမားတို့ ဖွဲ့စည်းတည်ဆောက်ပုံများအပေါ် ကျွန်ုပ်တို့ အထူးတလည် အာရုံစိုက်သင့်ခြင်း ဖြစ်သည်။

## သမ္မာကျမ်းစာကို အနက်ဖွင့်ဆိုခြင်း

ဤပန်းတိုင်ကို အောင်မြင်ပြီးမြောက်ရန် ဦးတည်ရာဖက် သုံးခုကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ယင်းတို့မှာ ပထမအားဖြင့် ဤအမှုအရာ၌ စနစ်ကျဓမ္မဗေဒသမားတို့ ကြုံရသည့် စိမ်ခေါ်မှုများအကြောင်း ကျွန်ုပ်တို့ စဉ်းစားကြပါမည်။ ဒုတိယအားဖြင့် "အချက်အလက်များကို ပေါင်းရုံးအနှစ်ချုပ်ခြင်း" ဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့် လုပ်ငန်းစဉ်အားဖြင့် အဆိုပါ စိမ်ခေါ်မှုများ၏ ရှုထောင့်တစ်ခုကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

စနစ်ကျဓမ္မဗေဒသမားတို့ မည်သို့ ပြည့်စုံစေကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။ တတိယအနေနှင့် "အချက်အလက်များအား ကောက်နုတ်စုစည်းခြင်း" အားဖြင့် အဆိုပါ စိမ်ခေါ်မှုများ၏ နောက်ထပ်ရှုထောင့်တစ်ခုကို စနစ်ကျဓမ္မပညာရှင်များက မည်သို့ ဖြည့်ဆည်းပေးကြောင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဦးစွာ သမ္မာကျမ်းစာမှ အဆိုပြုချက်များကို သူတို့ ဖွဲ့စည်းတည်ဆောက်ရာတွင် စနစ်ကျဓမ္မပညာသည်တို့ ရင်ဆိုင်ရသည့် စိမ်ခေါ်မှုများကို ကြည့်ကြပါစို့။

## စိမ်ခေါ်မှုများ

စနစ်ကျဓမ္မပညာကို ဓမ္မပညာကျောင်းသားတို့ ပထမဆုံးစတင်လေ့လာသည့်အခါ သမ္မာကျမ်းစာမှ အဆိုပြုချက်များ ဖန်တီးခြင်းသည် ရိုးရှင်းလွယ်ကူသည်ဟု သူတို့ မကြာခဏ ထင်တတ်ကြသည်။ သမ္မာကျမ်းစာကို ဖတ်ပြီး ပြောသည့်အတိုင်း ထပ်တလဲလဲ လုပ်နေရန်သာ လိုအပ်သည်ဟု သူတို့ထင်ကြသည်။ သမ္မာကျမ်းစာ၌ အဆိုပြုချက်အချို့ ပါရှိတတ်သည်ဖြစ်၍ တစ်ခါတစ်ရံ ဤအတိုင်းမှန်နေတတ်သည်။ သို့သော် ထူးခြားအရေးပါသော စိမ်ခေါ်မှုများစွာလည်း ရှိနေပြန်သည်။

အကန့်အသတ်ရှိပြီး အပြစ်မကင်းသောလူသား ဖြစ်ရခြင်း၏ အကျိုးသက်ရောက်မှုများအပြင် သမ္မာကျမ်းစာကိုယ်တိုင်က လည်း ဓမ္မပညာအဆိုပြုချက်များ ဖွဲ့စည်းတည်ဆောက်ရာတွင် အနည်းဆုံး စိမ်ခေါ်မှု နှစ်ခုရှိကြောင်း တင်ပြသည်။ စိမ်ခေါ်မှုတစ်ခုသည် သမ္မာကျမ်းစာထဲ ကျွန်ုပ်တို့တွေ့ရသော စာပေရေးဟန် အမျိုးမျိုးကြောင့် ဖြစ်ရသည်။ နောက်ထပ်စိမ်ခေါ်မှုတစ်ခုမှာမူ သမ္မာကျမ်းစာထဲ သြဝါဒသွန်သင်ချက် အစီအစဉ် အခင်းအကျင်းကြောင့် ဖြစ်ရသည်။ သမ္မာကျမ်းစာထဲက စာပေရေးဟန်မျိုးစုံကြောင့် စနစ်ကျဓမ္မပညာသည်တို့ ရင်ဆိုင်ရသည့် အခက်အခဲများအကြောင်းကို ဦးစွာ ဆင်ခြင်ကြည့်ကြပါစို့။

သမ္မာကျမ်းစာသည် အကြောင်းအရာ အမျိုးအစားတူ တစ်ခုကို တစ်ပြေးညီ ထပ်ကာထပ်ကာ ဖော်ပြနေသော စာပေပြင်ညီတစ်ခု မဟုတ်ပါ။ ထိုအစား သမ္မာကျမ်းစာတလျှောက် စာပေရေးဟန်များစွာ ပါရှိနေပြီး မရေမတွက်နိုင်သောပုံစံများဖြင့် အချင်းချင်း စုပေါင်းနေကြသည်။ သာဓက အနည်းငယ် ဖော်ပြရလျှင်သမ္မာကျမ်းစာတွင် ပုံပြင်ဇာတ်ကြောင်း၊ ပညတ်၊ ကဗျာလင်္ကာ၊ ပရောဖက်ပြုဟန်နှင့် သြဝါဒပေးချက်ပုံစံများ စသည်တို့ ရောနှောနေကြသည်။ အဆိုပါ ပိုမိုကြီးမားသော စာပေလက်ရာများအတွင်း အရေးအသားအမျိုးမျိုး ရှိနေသည်။ ဖော်ပြချက်များ၊ အမိန့်များ၊ မေးခွန်းများ၊ စောဒကများ၊ ခွန်အားပေးချက်များ၊ အာမေဋိတ်များ၊ ကောင်းချီးပေးချက်များ၊ ကိုးကားချက်များ၊ စာရင်းပြုစုချက်များ၊ အထုံးအဖွဲ့များ၊ ခေါင်းစည်းများ၊ ပညာသည်ဆန်သော ညွှန်ကြားချက်များ၊ လက်မှတ်တံဆိပ်များ ပါဝင်ကြသည်။ ဝေါဟာရ စာရင်းသည် တိုးသည်ထက် တိုးရန်သာ ရှိသည်။ အဆိုပါ အမျိုးစုံလင်မှုများနှင့်အတူ များပြားလှသည့် စကားအလင်္ကာများနှင့် ကျမ်းစာကို ပုံစံအမျိုးမျိုးဖြင့် ရသမြောက်စေသည့် အခြားသော အနုစိတ်စာပေလက်ရာများလည်း ရှိနေသည်။ ဤကြီးကျယ်သည့် စာပေလက်ရာမျိုးစုံတို့က ဓမ္မပညာအဆိုပြုချက်တို့၏ ဖွဲ့စည်းတည်ဆောက်မှုကို ရှုပ်ထွေးစေသည်။

သမ္မာကျမ်းစာအား ဓမ္မပညာမှန်ကန်ချက်တစ်ခုနောက် တစ်ခု စာရင်းမှတ်ထားသည့် ရိုးရိုးရှင်းရှင်း အဆိုပြုချက်များသာ ပါဝင်သော စာအုပ်တစ်အုပ်အဖြစ် ခေတ္တ စိတ်ကူးကြည့်ကြပါစို့။ ဤသို့ ဖြစ်ခဲ့ပါက စနစ်ကျဓမ္မပညာအတွင်း သမ္မာကျမ်းစာအသုံးပြုခြင်းသည် ပြောမည်ဆိုက လွယ်ကူပေသည်။ သို့သော် ကျမ်းစာသည် ထိုသို့မဟုတ်ပေ။ ယင်းသည် စာပေလက်ရာမျိုးစုံ ပါရှိသည်။

စနစ်ကျဓမ္မပညာသည်များသည် သူတို့၏ ဓမ္မပညာအား စာပေလက်ရာအမျိုးစုံလင်မှုကို အကြီးအကျယ်ဖော်ပြရန် စိတ်ကိုင်းညွတ်မှုရှိသည်ဟု စိတ်ကူးကြည့်ကြပါစို့။ သူတို့၏ ဓမ္မပညာတို့သည် ကဗျာအလင်္ကာ၊ ပုံပြင်ဇာတ်ကြောင်း၊ ပညတ်၊ ဩဝါဒစာများ၊ ဗောဒကများ၊ အလင်္ကာများနှင့်တကွ အလားတူတို့ဖြင့် ပြည့်နှက်နေသည်ဆိုကြပါစို့။ ထိုသို့ဖြစ်ခဲ့ပါက ကျမ်းစာ၏ တင်ပြချက်နှင့် စနစ်ကျဓမ္မသည် နောက်တစ်ဖန် ထပ်မံ၍ လုပစ္စာ အံဝင်ခွင်ကျ ဖြစ်ရပေလိမ့်မည်။ သို့သော် ဤကိစ္စမျိုးလည်း မဟုတ်ပြန်ပေ။

မှန်ကန်သည့်အချက်မှာ သမ္မာကျမ်းစာသည် စာပေရေးဟန် မျိုးစုံပါရှိသည်။ သို့သော် စနစ်ကျဓမ္မပညာသမားတို့သည် သမ္မာကျမ်းသွန်သင်ချက်များကို အဆိုပြုချက်ပုံစံချည်း သီးသန့် ဖြစ်လုနီးပါး ဖော်ပြကြသည်။ အကျိုးသက်ရောက်မှုအနေဖြင့် စနစ်ကျ ဓမ္မဗေဒသမားများသည် သမ္မာကျမ်းစာထဲ သူတို့တွေ့ကြုံရသမျှ အမျိုးမျိုးသော စာပေရေးဟန်ပုံစံတို့ကို တိကျသောဖော်ပြချက် အမျိုးအစားတစ်ခုဖြစ်အောင် ဖိသိပ်ပုံသွင်းရန် ရှိနေသည့်အပြင် ဤ ခြားနားကွာဟချက်သည် စနစ်ကျဓမ္မပညာရှင်တို့ ရင်ဆိုင်ရသည့် အကြီးကျယ်ဆုံး စိမ်ခေါ်မှုလည်း ဖြစ်နေသည်။

စနစ်ကျဓမ္မပညာရှင်တို့အဖို့ ကျမ်းစာကပေးသော ဒုတိယမြောက် စိမ်ခေါ်မှုမှာ ၎င်း၏ ဩဝါဒများကိုစီစဉ်ခင်းကျင်းထားသည့်နည်းလမ်း သို့မဟုတ် မခင်းကျင်းထားသည့်နည်းလမ်း ဖြစ်သည်။ လိုရင်း ဆိုရလျှင် ကျမ်းစာသည် သီးသန့်အာဘော်များအား ပြီးပြည့်စုံပြီး ထင်ရှားကွဲပြားသော ယူနစ်များအဖြစ် မကိုင်တွယ်ထားပေ။ ထိုအစား အလားတူ ခေါင်းစဉ် တစ်ခုတည်းကိုပင် ကျမ်းစာတလျှောက် ဟိုမှာ သည်မှာ ပျံ့ကျဲနေသော အပိုင်းအစများအဖြစ် တင်ဆက်ထားသည်။ ကျမ်းစာ၏ ဤသွင်ပြင်လက္ခဏာကလည်း စနစ်ကျဓမ္မပညာရှင်တို့ကို စိမ်ခေါ်နေပြန်သည်။

ဤကိစ္စမျိုး၌ သမ္မာကျမ်းစာသည် ကွဲပြားခြားနားမှုရှိနေသည်ဟု စိတ်ကူးကြည့်ကြပါစို့။ တစ်ချိန်တွင် ဩဝါဒတစ်ခုကိုသာ အပြည့်အဝ ကိုင်တွယ်ထားသည် ဆိုကြပါစို့။ အာဘော်တစ်ခုကို ကျမ်းစာက ပုံမှန်ကိုင်တွယ်၍ ယင်းအား နှံ့နှံ့စပ်စပ်ဆွေးနွေးပြီးမှ နောက်ထပ်အာဘော်တစ်ခုစီသို့ ဆက်သွားသည် ဆိုကြပါစို့။ ဤသို့ ဖြစ်ခဲ့သည်ဆိုပါက စနစ်ကျဓမ္မပညာရှင်တို့သည် သမ္မာကျမ်းစာ၏ အပိုင်းကဏ္ဍတစ်ခုစီတိုင်းကို ဖတ်ရုံမျှပြုကြာ ကျမ်းစာအပိုင်းတစ်ခုစီပေါ် အခြေခံ၍ ဓမ္မပညာအဆိုပြုချက်တို့ကို အလွယ်တကူ ဖွဲ့စည်းတည်ဆောက်နိုင်မည်ဖြစ်သည်။ သို့သော် သမ္မာကျမ်းက ယင်း၏ ဓမ္မပညာအာဘော်များကို တင်ပြပုံသည် ဤသို့ မဟုတ်ပြန်ပေ။

သို့မဟုတ် စနစ်ကျဓမ္မပညာရှင်တို့သည် တစ်ချိန်တွင် အကြောင်းအရာတစ်ခု၏ အရေးမပါသောရှုထောင့်ကို အစီအစဉ်မကျပဲ ဆွေးနွေးနေသည်ဟု စိတ်ကူးကြည့်ကြပါစို့။ ထို့နောက် သူတို့သည် အဆိုပါ ပထမ အကြောင်းအရာ၏ အရေးမပါသော ဒုတိယမြောက် ရှုထောင့်ဆီ ပြန်မလာဘဲ အခြားသော ဩဝါဒများ၏ အပိုင်းအစအနများစွာကို သာမန် ကိုင်တွယ်သွားကြသည် ဆိုကြပါစို့။

ဟိုမှာ သည်မှာ အပိုင်းအစအနမျာအဖြစ် ရှိနေသည့် ကိစ္စတစ်ခုကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် သူတို့ ကျေနပ်ပါက ကျမ်းစာနှင့် အလုပ်လုပ်ဖို့ သူတို့အတွက် အတော်ကလေးလွယ်ကူကောင်း လွယ်ကူပါလိမ့်မည်။

သို့သော် ဤအရာသည် စနစ်ကျဓမ္မပညာသမားတို့လုပ်လိုသည့် အရာ မဟုတ်ပေ။ ကျမ်းစာသွန်သင်ချက်တို့ကို ပြည့်စုံပြီး အစီအစဉ်ကျနိုင်သလောက် ဖြစ်အောင် သူတို့ တင်ဆက်ပေးချင်ကြသည်။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် ကျမ်းစာထဲက နေရာပေါင်းစုံ ရှိသမျှထဲက အချက်အလက်များကို စုပေါင်းနိုင်ရန် သူတို့ကြိုးစားအားထုတ်ကြရသည်။

မတူခြားနားသည့် နေရာများစွာတွင် ပုံစံအမျိုးမျိုးဖြင့် ဓမ္မပညာခေါင်းစဉ်တို့၏ ရှုထောင့်များကို ကျမ်းစာက ဆွေးနွေးထားသည်။ ကျမ်းစာ၏ ဤသို့သော ဓမ္မပညာတင်ဆက်မှု လက္ခဏာသွင်ပြင်သည် စနစ်ကျဓမ္မပညာရှင်တို့အတွက် ကြီးကျယ်သော နောက်ထပ် စိမ်ခေါ်မှုကြီး ဖြစ်သည်။

ယခုတွင် သမ္မာကျမ်းစာနှင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် စနစ်ကျဓမ္မပညာသည်တို့ ရင်ဆိုင်ရသည့် အဓိက စိမ်ခေါ်မှုကြီး နှစ်ခုကို ကျွန်ုပ်တို့ တွေ့ပြီးသည့်နောက် အချက်အလက်မှန်များအား ပေါင်းရုံး အနှစ်ချုပ်ခြင်းလုပ်ငန်းစဉ်အပေါ် ကျွန်ုပ်တို့ အာရုံစိုက်ကြပါမည်။ ဤအရာသည် သမ္မာကျမ်းစာအတွင်း စာပေရေးဟန် အမျိုးမျိုး၏ စိမ်ခေါ်မှုများစွာကို ကျော်လွှားရန် စနစ်ကျဓမ္မပညာသည်များ အသုံးပြုသည့် နည်းဗျူဟာပင် ဖြစ်သည်။

## အချက်အလက်မှန်များအား ပေါင်းရုံးအနှစ်ချုပ်ခြင်း

ရိုးရိုးရှင်းရှင်း ဝေါဟာရများဖြင့် ဆိုပါက

> အချက်အလက်မှန်များအား ပေါင်းရုံး အနှစ်ချုပ်ခြင်း ဆိုသည်မှာ သမ္မာကျမ်းပိုဒ်များက သွန်သင်သည့် ဓမ္မပညာမှန်ကန်မှုများအပေါ် စူးစိုက်ပြီး အဆိုပါ ကျမ်းပိုဒ်များ၏ အခြားရှုထောင့်များကို ချန်လှပ်ထားခြင်း လုပ်ငန်းစဉ် ဖြစ်သည်။

လူ့ဘာသာစကားတွင် ယေဘုယျတွေ့ရတတ်သကဲ့သို့ သမ္မာကျမ်းချက်များစွာအား စာဖတ်ပရိသတ်အပေါ် ရိုက်ခတ်မှုမျိုးစုံပေးနိုင်ရန် ပုံစံချထားသည်။ ဖြည့်ဆည်းအသိပေးခြင်း၊ လှုံ့ဆော်ခြင်း၊ လွှမ်းမိုးတိုက်တွန်းခြင်း၊ စွပ်စွဲပြစ်တင်ခြင်း၊ စိတ်တွန်းအားပေးခြင်း၊ လမ်းညွှန်ခြင်း၊ ခွန်အားပေးခြင်း၊ စိတ်ဓာတ်ကျစေခြင်း၊ ဝမ်းမြောက်ရွှင်လန်းစေခြင်း၊ စိတ်ရှုပ်ထွေးစေခြင်း၊ အမှားပြင်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ လွယ်ကူချောမွေ့စေခြင်း၊ ကောင်းချီးပေးခြင်း၊ ကျိန်ဆဲခြင်း၊ နှိုးဆွခြင်း၊ စိတ်ကူးယဉ်ခြင်း စသည်တို့ကို ယင်းတို့လုပ်ဆောင်သည်။ တူညီသော ပို့အားကိုယ်စီဖြင့် မဟုတ်သော်လည်း အချိန်တိုင်းမှာ အဆိုပါအရာရာရှိသမျှကို လုပ်ဖို့ ကျမ်းချက်အားလုံးကို ပုံစံချထားသည်တော့ မဟုတ်ပေ။ သို့သော် ထူးခြားအရေးပါစွာ ရှည်လျားသည့် သမ္မာကျမ်းပိုဒ်တိုင်းတွင်မူ ရိုက်ခတ်မှုမျိုးစုံပေးနိုင်သည့် ပုံစံရှိနေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

သို့သော် စနစ်ကျဓမ္မပညာရှင်များသည် သီးသန့်မဟုတ်သည့်တိုင်အောင် ကျမ်းစာထဲ သွန်သင်ထားသော ဓမ္မပညာဆိုင်ရာ မှန်ကန်ချက်များအပေါ် အခြေခံအားဖြင့် သူတို့၏ အာရုံကို စူးစိုက်ထားကြသည်။ တနည်းဆိုရလျှင် စနစ်ကျဓမ္မပညာသည်တို့သည် မှန်ကန်သော တွေးခေါ်ချက်များအပေါ် သူတို့အာရုံကို စုစည်းလေ့ရှိသော်လည်း သမ္မာကျမ်းစာသားတို့၏ အခြားသောသွင်ပြင်လက္ခဏာများကိုမူ ယေဘုယျအားဖြင့် လွှတ်ပေးထားကြသည်။

သို့သော် သမ္မာကျမ်းစာကို ယင်း၏ အချက်အလက်မှန်များအဖြစ် ပေါင်းရုံး အနှစ်ချုပ်သည့်လုပ်ငန်းစဉ်သည် အခြေခံအားဖြင့် မှန်ကန်သော အဆိုများကို အခိုင်အမာဖော်ပြရန် သမ္မာကျမ်းပိုဒ်များအား ပုံစံချထားသည့်အခါမျိုး၌ အတော်ပင် ရိုးရှင်းတဲ့တိုးကျလှသည်။ အဆိုပါ အခြေအနေများအတွင်းတွင် စနစ်ကျဓမ္မပညာသမားတို့သည် သမ္မာကျမ်းပိုဒ်တစ်ခုထဲ တင်ဆက်ထားသည့် ရှင်းလင်းပြတ်သားသော မှန်ကန်ချက်များနှင့် သွယ်ဝိုက်သော မှန်ကန်ချက်များကို မှတ်သားရုံမျှပြုပြီးနောက် သူတို့၏ ဆွေးနွေးချက်နှင့် စပ်လျဉ်းသော အချက်မှန်များအပေါ်မှာ စူးစိုက်ကြသည်။

အချက်မှန်များအပေါ် စူးစိုက်ထားသော ၂ တိ ၃း၁၆ ကျမ်းပိုဒ်ကို သာဓက ယူကြည့်ပါ။ ထိုနေရာတွင် ပေါလုက

> ထိုကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍ ဩဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏ ဟု ဆိုထားသည် (၂ တိမောသေ ၃း၁၆)။

ပိုကြီးသောအဆက်အစပ်အတွင်း ဤကျမ်းချက်သည် သမ္မာကျမ်းစာအကြောင်း အချက်အလက်တို့ကို စုစည်းဖော်ပြရာ ကက်တလောက် တစ်ခုသဘောမျှထက်မက အဓိပ္ပာယ်များစွာရှိအောင် ပုံစံချထားကြောင်း ကျွန်ုပ်တို့ပြောနိုင်ပါသည်။ ဤကျမ်းချက်အား သမ္မာကျမ်းစာအပေါ် အထူးဂရုပြုအာရုံစိုက်ရန် တိမောသေကို နိုးဆော်တိုက်တွန်းသည့်အနေဖြင့် ရှေ့မှဆိုခဲ့သည့်ကျမ်းပိုဒ်များနှင့် ဆက်စပ်ပြီး ပေါလု ပြောဆိုထားခြင်း ဖြစ်သည်။ အနည်းဆုံး ဆိုရလျှင် ဤကျမ်းချက်အား ကျမ်းစာအပေါ် အသစ်ဆက်ကပ်အပ်နှံမှုရှိရေး တိမောသေကို အားပေးလှုံ့ဆော်ရန် ရည်ရွယ်ပုံစံချထားသည်။ သို့သော် ဤရှုပ်ထွေးခက်ခဲသော ပုံစံ၏ ပေါ်လွင်ထင်ရှားသည့် ရှုထောင့်မှာ ရှင်းလင်းပြတ်သားသော ဓမ္မပညာဆိုင်ရာ အခိုင်အမာပြောဆိုချက်များစွာကို ပေးရန် ဖြစ်သည်။ ထို့ပြင် စနစ်ကျဓမ္မပညာရှင်တို့သည်လည်း ဤကျမ်းချက်ကို များစွာအသုံးချကြသည်။ အကြောင်းမှာ အဆိုပါ မှန်ကန်သော ဓမ္မပညာဆိုင်ရာ အဆိုများကို သူတို့ စိတ်ဝင်စားကြသောကြောင့် ဖြစ်သည်။

ဤကျမ်းချက်၏ ရှင်းလင်းပြတ်သားသော အချက်အလက်မှန်တို့အား အမြဲတမ်း မှန်ကန်ပြီး ဝန်ခံသော အဆိုပြုချက်စဉ်များအဖြစ် အနှစ်ချုပ်ဖော်ပြနိုင်သည်- "ကျမ်းစာရှိသမျှကို ဘုရားသခင် မှုတ်သွင်းတော်မူသည်" "ကျမ်းစာရှိသမျှသည် ဩဝါဒပေးသောအားဖြင့် ကျေးဇူးပြုသည်" "ကျမ်းစာရှိသမျှသည် အပြစ်ဖော်ပြသောအားဖြင့် ကျေးဇူးပြုသည်" "ကျမ်းစာရှိသမျှသည် ပြုပြင်ပေးသောအားဖြင့် ကျေးဇူးပြုသည်" "ကျမ်းစာရှိသမျှသည် တရားကို သွန်သင်သောအားဖြင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ကျေးဇူးပြုသည်" စသည်ဖြင့် ဖြစ်သည်။ အဆိုပါ အဆိုပြုချက်များသည် ဤကျမ်းချက်အားဖြင့် ရှင်းလင်းပြတ်သားစွာ ပြောဆိုထားသော မှန်ကန်သည့် တွေးခေါ်ချက်များကို ထင်ဟပ်နေသည်။

အဆိုပါ ရှင်းလင်းပြတ်သားသော အဆိုများအပြင် ဤကျမ်းချက်၌ စနစ်ကျဓမ္မပညာရှင်တို့၏ စိတ်ကို ဆွဲဆောင်သော သွယ်ဝိုက် အဆိုများစွာတို့သည်လည်း ကြောင်းကျိုးကျစွာ ပါဝင်နေသည်။ သာဓကဆိုရလျှင် မိမိအလိုတော်ကို ပြောပြဖို့ ဘုရားသခင် အလိုတော်ရှိခဲ့ကြောင်း ပြောဆိုခြင်းသည် သင့်မြတ်သည်။ ကျမ်းစာကို အာရုံစိုက်ခြင်းသည် သန့်ရှင်းခြင်းအတွက် အရေးပါကြောင်း ဤကျမ်းချက်အရ သွယ်ဝိုက်ကောက်ချက်ဆွဲနိုင်သည်။ ထို့အပြင် ပေါလုက ဓမ္မဟောင်းကို ဦးတည်ပြီး အတိအကျပြောလင့်ကစား ဓမ္မသစ်ကျမ်းစာကိုလည်း ဤနည်းများအတိုင်း မှတ်သွင်းထားသဖြင့် ယင်းတို့သည်လည်း ကျေးဇူးပြုနိုင်ကြောင်း သူ သွယ်ဝိုက်ပြောဆိုခဲ့သည်။

အဆိုပါ ရှင်းလင်းပြတ်သားသော ဓမ္မပညာဆိုင်ရာ အဖြစ်မှန် အချက်အလက်များအား အသေးစိတ်ချပြမှုနှင့်အတူ စနစ်ကျဓမ္မပညာရှင်တို့သည် အထူးထူးအပြားပြားသော ဓမ္မပညာ ခေါင်းစဉ်များအပေါ် သူတို့ ထိတွေ့ကိုင်တွယ်မှုများကို ရှင်းပြခြင်း၊ ခုခံကာကွယ်ခြင်းတို့ကိုပြုရာ၌ အဆိုပါမှန်ကန်ချက်တို့အား အသုံးချနိုင်ကြပေသည်။ သင်စိတ်ကူးကြည့်မိနိုင်သလိုပင် ဤကျမ်းချက်သည် သမ္မာကျမ်းစာအကြောင်း ဩဝါဒသွန်သင်ချက် ဆိုင်ရာ အဆိုပြုချက်များကို ထောက်ကူရန် စနစ်ကျဓမ္မပညာအတွင်း အကြိမ်ကြိမ် ပါရှိနေသည်။

သာဓကဆိုရလျှင် ရောဘတ် ရေမွန်၏ *စနစ်ကျဓမ္မပညာ* အခန်းကြီး ၂ ထဲတွင် သမ္မာကျမ်းစာ အမှားအယွင်းမရှိကြောင်း သူ့အဆိုကို ထောက်ကူရန် ၂ တိမောသေ ၃း၁၆ ကို ကိုးကားထားသည်။ ထိုနေရာတွင် သူရေးထားသည်မှာ

> မှုတ်သွင်းခြင်းနည်းဖြင့် ကျမ်းရေးသူများမှတဆင့်လူသားမျိုးနွယ်ထံ
> ဘုရားသခင်ပေးအပ်ခဲ့သော ပေထက်အက္ခရာတင်ထားသည့်
> နှုတ်ကပတ်တော်သည် ဖောက်ပြန်မှားယွင်းခြင်းကင်းကြောင်း
> သမ္မာကျမ်းရေးသူတို့က ပြောဆိုထားကြသည်။

ဤသို့သောဖော်ပြချက်မျိုးသည် စနစ်ကျဓမ္မပညာ၌ ဤကျမ်းချက်ကို ပုံမှန်အသုံးချသည့်ပုံစံ ဖြစ်သည်။ သို့သော် ၂ တိမောသေ ၃း၁၆ တွင် သွန်သင်ထားသော ရှင်းလင်းပြတ်သားသည့် သို့မဟုတ် သွယ်ဝိုက်သည့် ဓမ္မပညာမှန်ကန်ချက်တို့သည် အခြားသော အစဉ်အလာ ဓမ္မပညာခေါင်းစဉ်များကိုလည်း ဖြေရှင်းထားပြန်သည်။ သာဓကဆိုရလျှင် ဘုရားသခင်သည် လူသားမျိုးနွယ်အပေါ် မိမိကိုယ်မိမိ ဖွင့်လှစ်ဖော်ပြသဖြင့် သနားခြင်းကရုဏာနှင့် ပြည့်စုံသော ဘုရားဖြစ်သည် ဆိုသည့် အထောက်အထားပြရန်အတွက် ဘုရားသခင်အကြောင်း သွန်သင်ချက်ဩဝါဒ ခေါင်းစဉ်အောက်မှာ ဤကျမ်းချက်ကို စနစ်ကျ ဓမ္မပညာသည်တို့ ကိုးကားနိုင်ကြသည်။ ကျမ်းစာ ဖတ်ခြင်းနှင့် ဟောပြောခြင်းတို့အား အသင်းတော်အတွင်း ကျေးဇူးတော်နည်းလမ်းများအဖြစ် ပြဌာန်းရန်အတွက်လည်း အသင်းတော်အကြောင်း သွန်သင်ချက်ဩဝါဒအောက်မှာ သူတို့ အသုံးချနိုင်ကြသည်။ သမ္မာကျမ်း ပရောဖက်ပြုချက်တို့ ယုံကြည်စိတ်ချဖွယ်ရှိကြောင်း

ပြဌာန်းရန်အတွက် နောက်ဆုံးသောကာလအကြောင်းသြဝါဒသွန်သင်ချက် ခေါင်းစဉ်အောက်မှာလည်း ၎င်းကို သူတို့ကိုးကားနိုင်ကြသည်။ ဖြစ်နိုင်တာတွေ အများကြီး ရှိပါသည်။

ဓမ္မပညာအဆိုပြုချက်များနှင့် အလွန်နီးနီးစပ်စပ်တူညီသော သမ္မာကျမ်းပိုဒ်များနှင့်အတူ အချက်အလက် ပေါင်းရုံး အနှစ်ချုပ်ခြင်း လုပ်ငန်းစဉ်သည် အခြားနှင့် နိုင်းယှဉ်ကြည့်ပါက အတော်ပင် ရိုးရှင်းလွယ်ကူသည်။ အရာရာကို ဘုရားသခင် ဖန်ဆင်းခဲ့ကြောင်း ကမ္ဘာ ၁း၁ကို ကျွန်ုပ်တို့ ဖတ်ရသည့်အခါ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်သည်ဆိုသည့် အချက်ကို သွယ်ဝိုက်ချမှတ်ရန် မခက်ခဲပါ။ ကောင်းကင်တမန် သရပ်တို့က "ဘုရားသည် သန့်ရှင်းခြင်း ရှိတော်မူသည်၊ သန့်ရှင်းခြင်း ရှိတော်မူသည်၊ သန့်ရှင်းခြင်း ရှိတော်မူသည်" ဟု ကြွေးကြော်ကြသည့်အခါ ဘုရားသခင်သည် သန့်ရှင်းသော ဘုရားဖြစ်ကြောင်း ကောက်ချက်ဆွဲရန် ရိုးစင်းလွယ်ကူပါသည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းသည် အကျင့်အားဖြင့်မဟုတ်၊ ယုံကြည်ခြင်းအားဖြင့် ဖြစ်ကြောင်း ရောမ ၃း၂၈ ကို ကျွန်ုပ်တို့ ဖတ်ရသည့်အခါ ဤဖော်ပြချက်အား ကယ်တင်ခြင်းဆိုင်ရာ သြဝါဒသွန်သင်ချက်အကြောင်း ဆွေးနွေးမှုဆီ ကျွန်ုပ်တို့ ယူလာနိုင်ပါသည်။ စနစ်ကျဓမ္မပညာဆီသို့ လွယ်လင့်တကူ ယူလာ၍ရသော အဆိုများစွာသည် ကျမ်းစာထဲက ကျမ်းပိုဒ်များစွာ၌ ပါရှိနေသည်။ အဆိုပါ ကျမ်းချက် အမျိုးအစားများထဲမှ စနစ်ကျဓမ္မပညာသည်တို့ မကြာခဏ ဆွဲယူကြခြင်းသည် အံ့သြစရာတော့ မရှိပါ။

သို့သော် အချက်အလက် ပေါင်းရုံးအနှစ်ချုပ်ခြင်း လုပ်ငန်းစဉ်သည် ဓမ္မပညာအဆိုပြုချက်ပုံစံနှင့် သမ္မာကျမ်းပိုဒ်များ နီးစပ်မှု မရှိလာကြသည့်အခါ အနည်းငယ် ခက်ခဲရှုပ်ထွေးလာသည်။ စံအဖြစ်ဆိုရလျှင် အဆိုပါအခြေအနေများအတွင်း အဆိုပါ ကျမ်းပိုဒ်များက သွန်သင်နေသည့် အချက်အလက်မှန်များကို ဖော်ထုတ်နိုင်ရန် စနစ်ကျဓမ္မပညာသည်တို့သည် ကျမ်းပိုဒ်များ၏ အရေးအသားဆိုင်ရာ သွင်ပြင်လက္ခဏာတို့ကို သတိပြုမိအောင် ဂရုစိုက်ကြရသည်။ ထို့နောက်တွင်မှ ရှင်းလင်းချပြထားသည့် အချက်အလက်မှန်တို့ကို သူတို့၏ ဓမ္မပညာဆွေးနွေးချက်တို့၌ သူတို့ အသုံးချကြသည်။ သာဓကအားဖြင့် သုတ္တံကျမ်းသည် ရံဖန်ရံခါ ရိုးစင်းသော ဓမ္မပညာအဆိုပြုချက်ပုံ ပေါက်နေသော်လည်း များသောအားဖြင့် ထိုသို့ဖြစ်မနေပေ။ သုတ္တံ ၂၃း၁၃-၁၄ ကို ကြည့်ကြပါစို့။ ထိုနေရာတွင် ကျွန်ုပ်တို့ ဖတ်ရသည်မှာ

> သူငယ်ကို မဆုံးမဘဲ မနေနှင့်။ သူ့ကို ကြိမ်လုံးနှင့် ရိုက်သော်လည်း သူမသေနိုင်။ သူ့ကို ကြိမ်လုံးနှင့် ရိုက်၍ သူ၏ စိတ်ဝိညာဉ်ကို မရဏာနိုင်ငံမှ ကယ်နုတ်ရမည် (သုတ္တံ ၂၃း၁၃-၁၄)။

အပေါ် ရံကြည့်လျှင်မူ ဤသုတ္တံစကားသည် အဖြစ်မှန် အဆိုနှစ်ခုကို ပေးနေပုံရသည်။ ဆုံးမခြင်းခံရသော သူငယ်သည် "မသေနိုင်" ဟု ပြောနေသည်။ ထို့ပြင် မိမိသားကို ဆုံးမသောဖခင်သည် "သား၏ စိတ်ဝိညာဉ်ကို မရဏာမှ ကယ်တင်မည်" ဖြစ်သည်ဟုလည်း ဆိုနေသည်။

သို့သော် သုတ္တံရေးဟန်အရ ယင်းသို့သော ဖော်ပြချက်များအားလုံး နီးပါးသည် မည်သည့်အခါမျှ ရိုးရှင်းသော အဆိုပြုချက်များ ဖြစ်မနေကြပေ။ ဂရုစိုက်အနက်ဖွင့်သူတစ်ဦးသည် ဆုံးမခြင်း၏ ထိရောက်မှုနှင့်ပတ်သက်၍ ရိုးရှင်းသည့် အဆို သို့မဟုတ် အာမခံချက်များကို ပေးနေခြင်းမဟုတ်ကြောင်း

တွေ့လာမည် ဖြစ်သည်။ ထိုအစား အဆိုပါ ကျမ်းချက်တို့သည် ပညာရှိသောဖခင်တို့အား မိမိတို့၏ သားသမီးများကို ဆုံးမရန် အားပေးသည့် ကျမ်းချက်များ ဖြစ်ကြသည်။ အကြောင်းမှာ သားသမီးများ၏ ဘဝတွင် ကောင်းသောအကျိုးရလာဒ်များကို ပေါ်ထွက်စေနိုင်၍ ဖြစ်သည်။ အမှန်စင်စစ် အဆိုပါကျမ်းချက်များ၏ ပထမအပိုင်းက ပြညွှန်နေသလို ဤသုတ္တံစကားအား အခြေခံအားဖြင့် ဖခင်များသို့ တိုက်တွန်းချက်တစ်ခု အဖြစ် ရည်ရွယ်ထားသည်။ ပညာရှိကြီးက "သူငယ်ကို မဆုံးမဘဲမနေနှင့်၊ ပြစ်ဒဏ်ပေးပါ" ဟု ပြောသည်။ သူတို့၏ သားသမီးများကို ဆုံးမပဲ့ပြင်ရန် ဤနေရာ၌ ဖခင်များသို့ အကြံပြုထားသည်။

အဆိုပါအရေးအရာတို့ကို ထည့်သွင်းစဉ်းစားလျက် စနစ်ကျဓမ္မပညာသည်တို့သည် သွယ်ဝိုက်သော အမှန်တရား အချက်အလက်များကို ရှင်းလင်းချပြနိုင်ကြသည်။ သာဓကေအားဖြင့် လူသားအကြောင်း ဩဝါဒသွန်သင်ချက်အောက်တွင် စနစ်ကျဓမ္မပညာသည်တို့သည် သားသမီးတို့ အပြစ်လုပ်တတ်ကြောင်း အထောက်အထားပြရန် ဤကျမ်းချက်ကို အသုံးပြုနိုင်ကြသည်။ သန့်ရှင်းခြင်း၌ ကြီးပွားရေး ရည်ရွယ်ချက်ဖြင့် မိဘများက သွန်သင်ဆုံးမရသည်ကို ပြဋ္ဌာန်းရန်အတွက် သန့်ရှင်းခြင်း ခေါင်းစဉ်အောက်မှ ၎င်းကို သူတို့ အသုံးပြုနိုင်ကြသည်။

စိတ်ဝင်စားဖွယ်ကောင်းလှစွာပင် အနည်းဆုံး စနစ်ကျဓမ္မပညာသည်တစ်ဦးသည် နောက်ဆုံးသောကာလ အကြောင်း ဩဝါဒသွန်သင်ချက် ဆိုင်ရာ အမြင်တစ်ခုကို ထောက်ကူရန် ဤကျမ်းချက်ကို အမှန်တကယ် အသုံးပြုခဲ့သည်။ လူးဝစ်စ် ဘားကော့ဖ်၏ *စနစ်ကျဓမ္မပညာ* အခန်းကြီး ၃၊ ကဏ္ဍ ၆ ထဲတွင် သုတ္တံ ၂၃း၁၄ အား သေသောသူတို့ထဲက ရှင်ပြန်ထမြောက်ခြင်း၏ ရှုထောင့်တစ်ခုကို ရှင်းပြရန် အသုံးပြုထားသည်။ သူပြောဆိုထားသည်မှာ

> စင်စစ်အားဖြင့် ကျွန်ခံကာလမတိုင်မီ ရှေးရှေးကပင် ရှင်ပြန်ထမြောက်ခြင်းကို ယုံကြည်ခဲ့ကြကြောင်း အထောက်အထားများ ချို့တဲ့ရှားပါးနေခြင်း မရှိပါ။ မရဏာမှ လွတ်မြောက်ခြင်းအကြောင်း ပြောဆိုသည့် ကျမ်းပိုဒ်များစွာထဲတွင် ၎င်းအား သွယ်ဝိုက်ဖော်ပြထားသည်။

ဤနေရာတွင် ဘားကော့ဖ်က သုတ္တံ ၂၃း၁၄ ပါ "သူ၏ စိတ်ဝိညာဉ်အား မရဏာမှ ကယ်နုတ်ရမည်" ဆိုသည့်စကားများသည် သေသောသူတို့ထဲမှ ရှင်ပြန်ထမြောက်ခြင်းအကြောင်း ဓမ္မဟောင်းမှ သစ္စာရှိ ဣသရေလတို့ ယုံကြည်ခဲ့ပုံကို သွယ်ဝိုက်ဖော်ပြကြောင်း ကောက်ချက်ချခဲ့သည်။ အချက်အလက်မှန်ကို ထူးထူးခြားခြား ပေါင်းရုံးအနှစ်ချုပ်လိုက်ခြင်းဖြင့် သူတို့၏ သားသမီးများကို ဆုံးမပဲ့ပြင်ရန် ဖခင်တို့အား အဓိက ခွန်အားပေးထားသည့် ကျမ်းချက်ကို အသုံးပြုသောအားဖြင့် နောက်ဆုံးသောကာလ ဩဝါဒသွန်သင်ချက်၏ ရှုထောင့်တစ်ခုကို ဘားကော့ဖ် ထောက်ခံခဲ့သည်။

ဤသို့နှင့် အချက်အလက်များအပေါ် စူးစိုက်ခြင်းသည် တစ်ခါတစ်ရံ ပို၍ပင် ပေါင်းရုံးအနှစ်ချုပ်သည့် သဘော ရှိလာသည်။ သာဓကေအားဖြင့် စနစ်ကျဓမ္မပညာရှင်တို့သည် အကြောင်းအရာတို့အား တိုက်ရိုက်ကျနိုင်သမျှကျစွာ ဖော်ပြလိုကြကြောင်း သင်အမှတ်ရပါလိမ့်မည်။

သို့ဖြစ်၍ ကျမ်းပိုဒ်တစ်ခုသည် အလင်္ကာများကို သုံးထားပါက စနစ်ကျဓမ္မဗေဒသမားတို့အနေဖြင့် အဆိုပါ အလင်္ကာများ၏ ဆိုလိုချက်ကို ရှင်းလင်းစွာ ပြောပြလိုကြသည်။

ဘုရားသခင့် နုတ်ကပတ်တော်အား ကျေးဇူးတော် နည်းလမ်းတစ်ခု အဖြစ် ဆွေးနွေးထားရာ မစ်လာ့ဒ်အဲရစ်ဆင်၏ *ခရစ်ယာန် သီအိုလိုဂျီ* ကျမ်း အခန်းကြီး ၄၈ ထဲက အံ့သြဖွယ် အချက်အလက် ပေါင်းရုံးအနှစ်ချုပ်မှုမျိုးကို စဉ်းစားကြည့်ကြပါစို့။ သမ္မာကျမ်းပိုဒ်များကို အမျိုးအစားခွဲခြားရာမှ ပေါ်လာသည့်၊ ဘုရားသခင့် နုတ်ကပတ်တော်ကို ဖော်ပြရာ တိုက်ရိုက်တင်စား ဥပမာနှင့် သွယ်ဝိုက်တင်စား ဥပမာအလင်္ကာများကို သူမှတ်သားထားခဲ့သည်။ ၎င်းအား ယခုလို သူဖော်ပြထားသည်-

> ဘုရားသခင့် နုတ်ကပတ်တော်၏ သဘောသဘာဝနှင့် လုပ်ငန်းဆောင်တာကို ဖော်ပြရာ၌ တူတစ်ချောင်း၊ မှန်တစ်ချပ်၊ မျိုးစေ့တစ်စေ့၊ မိုးနှင့် ဆီးနှင်း၊ နို့ရည်၊ ကြေခဲသောအသား၊ ရွှေ နှင့် ငွေ၊ မီးခွက် တစ်ခု၊ ဓားတစ်ချောင်း နှင့် မီးတစ်ပွင့် စသည်ဖြင့် ကြွယ်ဝသော ပုံရိပ်စဉ်များစွာ ရှိနေကြသည်။

သို့သော် အဆိုပါ ပုံရိပ်များကိုပင်လျှင် အဲရစ်ဆင် ဖော်ပြခဲ့သည် ဆိုသည့်အချက်သည် စနစ်ကျဓမ္မပညာအတွက် အနည်းငယ် ထူးခြားနေသည်။ သို့တစေ စာဖတ်သူတို့အပေါ် ကြွယ်ဝသည့် ပုံရိပ်တို့က ပေးသည့် စိတ်ကူးယဉ်နိုင်သော သက်ရောက်မှုကို လေ့လာဖော်ထုတ်မည့်အစား အချက်အလက်မှန်များကို ပေါင်းရုံးအနှစ်ချုပ်ပေးသောအားဖြင့် ရိုးရှင်းတဲ့တိုးကျသော အဆိုပြုချက်တစ်ခုဖြစ်အောင် ယင်းတို့အား သူအကျဉ်းချုပ်ပေးခဲ့ကြောင်း ကျွန်ုပ်တို့ သတိပြုမိဖို့လိုပါသည်။ ၎င်းအား ယခုလို သူဖော်ပြထားသည်-

> ဘုရားသခင့်နုတ်ကပတ်သည် အစွမ်းတန်ခိုးနှင့် ပြည့်စုံပြီး တစ်ဦးချင်းစီ၏ အသက်တာ၌ ကြီးကျယ်သောလုပ်ငန်းများကို ပြီးမြောက်စေနိုင်သည် ဆိုသည့် သဘောကို အဆိုပါ ပုံရိပ်တို့က အသေးစိတ် ဖော်ပြပေးသည်။

သူ့သုံးသပ်ချက်ကို အသည်းအသန် သဘောထား ကွဲလွဲမည့်သူ မရှိနိုင်ပါ။ သို့သော် သူ့သုံးသပ်ချက်သည် အဆိုပါ ပုံရိပ်များကပေးနေသည့် ပိုမိုကျယ်ပြန့်သည့် ရိုက်ခတ်မှုကို ဘေးဖယ်ထားပြီး ယင်းတို့ သက်သေထူသည့် အချက်အလက်မှန်တစ်ခုကို ဦးစားပေးဖော်ပြသဖြင့် အချက်အလက်မှန်ကို ပိုမိုကျယ်ပြန့်စွာ ပေါင်းရုံးအနှစ်ချုပ်ရာမှ ပေါ်ထွက်သည့် ရလာဒ်တစ်ခု ဖြစ်နေသည်မှာလည်း သိသာနေသည်။

သင်စိတ်ကူးကြည့်မိသလိုပင် အချက်အလက် ပေါင်းရုံးအနှစ်ချုပ်ခြင်း လုပ်ငန်းစဉ်သည် ကျမ်းချက်များစွာတွင် ဤပုံစံအတိုင်း အလုပ်ဖြစ်နေကြသည်။ သာဓကဆိုရလျှင် ငါမှတပါး အခြားဘုရားကို မကိုးကွယ်ရ ဟု မိန့်ဆိုထားရာ ထွက်မြောက်ရာ ၂၀း၃ ပါ ပထမပညတ်အရ သမ္မာကျမ်းစာထဲက ဘုရားသခင်သည် အခြားသော သဘာဝလွန် စွမ်းအားရှိသမျှအပေါ်၌ အုပ်စိုးပိုင်သကြောင်း ကျွန်ုပ်တို့ ဆွဲယူနိုင်ပေသည်။ ဘုရားသခင်ကို ချီးမွမ်းရန် ဆင့်ဆိုတိုက်တွန်းထားရာ

ဆာလံ ၁၀၅ ပထမအပိုဒ်အရ ဘုရားသခင်သည် ချီးမွမ်းထိုက်သော ဘုရားဖြစ်ကြောင်း ကျွန်ုပ်တို့ ကောက်ချက်ချနိုင်ကြသည်။ စာဖတ်သူများအပေါ် အမျိုးစုံလင်သော ရိုက်ခတ်မှုများပေးရန် သမ္မာကျမ်းပိုဒ်များစွာကို ပုံစံချထားသည့်အခါမှာပင်လျှင် စနစ်ကျဓမ္မပညာသည်တို့သည် ပါဝင်အကြောင်းအရာ၏အချက်အလက်တို့အပေါ် အမြဲတမ်းနီးပါး စူးစိုက်ကြပြီး တိုက်ရိုက်ကျသော ဓမ္မပညာအဆိုပြုချက်များအဖြစ်ဖြင့် အဆိုပါအချက်အလက်မှန်တို့ကို ရှင်းပြတတ်ကြသည်။

စနစ်ကျဓမ္မပညာသည်တို့သည် အချက်အလက်များကို ပေါင်းရုံးအကျဉ်းချုံးသည့် လုပ်ငန်းစဉ်အားဖြင့် သမ္မာကျမ်း စာပေရေးဟန်မျိုးစုံ၏ စိမ်ခေါ်မှုကို ကျော်လွှားကြသည်။ သို့သော် သမ္မာကျမ်းစာ ဩဝါဒသွန်သင်ချက်တို့၏ အခင်းအကျင်းဆိုင်ရာ စိမ်ခေါ်မှုကိုမူ ကျွန်ုပ်တို့အခေါ် "အချက်အလက် ကောက်နုတ် စုစည်းခြင်း" ဆိုသည့် လုပ်ငန်းစဉ်ဖြင့် ကျော်လွှားကြသည်။

## အချက်အလက် ပေါင်းစပ်စုစည်းခြင်း

သီးသန့်ခေါင်းစဉ်များနှင့် စပ်လျဉ်းသော ကျမ်းစာသွန်သင်ချက်တို့သည် ကျမ်းစာတလျှောက် ပျံ့ကျဲနေရကား စနစ်ကျဓမ္မဗေဒသမားတို့သည် သူတို့၏ အဆိုပြုချက်များကို ဖွဲ့စည်းတည်ဆောက်ရာတွင် သမ္မာကျမ်းစာရှိသမျှမှ ကျမ်းပိုဒ်များကို စုစည်းခြင်း၊ ကောက်နှုတ်ခြင်းများကို ပြုကြရသည်။ ရောမဩဝါဒစာထဲက ကျမ်းပိုဒ်များဘေးတွင် ကမ္ဘာဦးကျမ်းမှ ကျမ်းပိုဒ်များကိုဖြစ်စေ၊ သို့တည်းမဟုတ် ဆာလံအချို့ကို ယာကုပ်ကျမ်းချက်များ၏ တဖက်တချက်မှာဖြစ်စေ၊ သို့တည်းမဟုတ် ရှင်မဿဲထဲက အချို့ကို ဗျာဒိတ်ကျမ်းထဲ အတူယှဉ်လျက်ဖြစ်စေ တွေ့ရခြင်းသည် အထူးအဆန်းတော့မဟုတ်ပါ။ ကျမ်းပိုဒ်များသည် ဓမ္မဗေဒသဘောအရ နီးနွယ်နေသော မှန်ကန်ချက်များကို သွန်သင်နေရကား သမ္မာကျမ်းစာအတွင်း အလွန်ပင် မတူခြားနားသည့် အပိုင်းများမှ ကျမ်းချက်တို့မှာ တစ်စုတစ်ဝေးတည်း နီးနွယ်ဆက်စပ်လျက် ရှိနေကြသည်။

သမ္မာကျမ်း၏ မတူကွဲပြားသည့်ကဏ္ဍများမှ ဖြစ်ရပ်မှန်အချက်တို့အား ကောက်နှုတ် စုစည်းသည့် ဤလုပ်ငန်းစဉ်သည် ပုံစံအမျိုးမျိုးရှိနိုင်သည်။ သို့သော် လွယ်ကူရှင်းလင်းရန်အတွက် ဤအရာကို အဓိကအားဖြင့် လုပ်ဆောင်သည့် နည်းလမ်းနှစ်ခုကိုသာ ဆွေးနွေးပါမည်။ တစ်ဖက်တွင် အချို့သော ကျမ်းချက်များအား စုစည်းကောက်နှုတ်ပြီး အတူတကွ စုပေါင်းထားသည်။ အကြောင်းမှာ ယင်းတို့သည် တူညီသောအချက်များကို ထပ်တလဲလဲ ဖော်ပြနေ၍ ဖြစ်သည်။ အခြားတစ်ဖက်တွင်မူ အချို့သော ကျမ်းချက်တို့အား ကောက်နှုတ်စုစည်းခြင်း၊ အတူတကွ ပေါင်းစည်းထားရခြင်း အကြောင်းမှာ ယင်းတို့သည် ခက်ခဲရှုပ်ထွေးသော ဓမ္မပညာဆိုင်ရာ အဆိုများကို ဖွဲ့စည်းပေးကြ၍ ဖြစ်သည်။ အဆိုပါ လုပ်ငန်းစဉ် နှစ်ခုကို ထုတ်ဖော်ပြဆိုကြည့်ကြပါစို့။

ပထမအားဖြင့် စနစ်ကျဓမ္မပညာသည်တို့သည် တူညီသော အခြေခံအယူအဆကို ထပ်တလဲလဲဖော်ပြသည့် ကျမ်းချက်များထဲက ဆွဲယူခြင်းဖြင့် ဓမ္မပညာအဆိုပြုချက်များကို မကြာခဏ ဖွဲ့စည်းယူလေ့ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

နေ့စဉ်လူနေမှုဘဝမှာလည်း ထိုနည်းအတိုင်း ကျွန်ုပ်တို့ မကြာခဏ စဉ်းစားကြမြဲဖြစ်သည်။ သင့်ကိုယ်သင် ပိုက်ဆံ ပျောက်သွားသည်ဟု သံသယရှိသည် ဆိုပါစို့။ သင် မည်သည့်အရာကို လုပ်ဆောင်ပါသနည်း။ သင့်အိပ်ကပ်ထဲက ငွေကို သင်ပြန်ရေတွက်ကောင်း ရေတွက်ပါလိမ့်မည်။ သို့သော် သင်မသေချာသေးပါက သင်ငွေပျောက်သလား၊ မပျောက်ဖူးလား ဆိုသည်ကို အပြည့်အဝ မယုံကြည်သေးသရွေ့ သင့်ငွေကို အကြိမ်ကြိမ် ပြန်ရေတွက်ကြည့်မိမှာဖြစ်သည်။

ကောင်းပါပြီ။ ရှုထောင့်အမျိုးမျိုးမှကြည့်ပါက ဤအရာသည် တူညီသည့် ဓမ္မပညာဆိုင်ရာ မှန်ကန်မှုများကို ထပ်တလဲလဲဖော်ပြသည့် ကျမ်းချက်များအား ကောက်နုတ်စုစည်းသည့်အခါ စနစ်ကျဓမ္မသမားတို့ လုပ်ကြသည့် အရာပင် ဖြစ်သည်။ ကျမ်းချက်တစ်ခုကို သူတို့ အမှန်အကန် နားလည်ခဲ့ပါရဲ့လား ဆိုသည်ကို သူတို့သံသယ ရှိကောင်းရှိနိုင်သည်။ ထိုအရာထဲက မှန်ကန်သော ဓမ္မပညာဆိုင်ရာ အဆိုပြုချက်တစ်ခုကို သူတို့ဖွဲ့စည်းခဲ့ကြောင်း သူတို့ယုံကြည်ကောင်း ယုံကြည်နိုင်သည်။ ထို့ကြောင့် တူညီသော အာဘော်တစ်ခုကို ထိုနေရာမှာ တွေ့နိုင် မတွေ့နိုင် သိမြင်နိုင်ရန်အတွက်လည်း သမ္မာကျမ်းစာ၏ အပိုင်းကဏ္ဍများစွာကို သူတို့ ကြည့်ကြသည်။

သာဓကအားဖြင့် သူ့ စနစ်ကျဓမ္မပညာ ပထမပိုင်း အဌမမြောက် အခန်းထဲတွင် ခရစ်တော်၏ ဘုရားသဘာဝကို လူးဝစ်စ်ဘားကော့ဖ် ဆွေးနွေးရာ၌ ဤအရာကို သူအဆိုပြုခဲ့သည်-

> (သမ္မာကျမ်းစာ) သည် သားတော်၏ ဘုရားသဘာဝကို ရှင်းလင်းပြတ်သားစွာ အခိုင်အမာဆိုထားသည်။

သို့သော် ဤအဆိုကို ငြင်းဆိုသူ အများရှိကြောင်း ဘားကော့ဖ် သတိထားမိသဖြင့် သူ့အဆိုကို ထောက်ကူရန် ကျမ်းပိုဒ် တစ်ပိုဒ်တည်းကိုသာ သူမသုံးခဲ့ပါ။ ထိုအစား ဤဓမ္မပညာဆိုင်ရာ မှန်ကန်ချက်သည် ယော ၁း၁၊ ယော ၂၀း၂၈၊ ရောမ ၉း၅၊ ဖိလိပ္ပိ ၂း၆၊ တိတု ၂း၁၃၊ ၁ယော၅း၂၉ တို့၌ ရှင်းလင်းပြတ်သားစွာ အခိုင်အမာဆိုထားကြောင်း သူပြညွှန်ခဲ့သည်။ ဤကိစ္စမျိုးတွင် မတူကွဲပြားသော ဓမ္မသစ်ကျမ်း ၅ ကျမ်းထဲက ကျမ်းချက်များမှ ဘားကော့ဖ် ကောက်နုတ်စုစည်းခဲ့သည်။ အကြောင်းမှာ ယင်းတို့သည် တူညီသော သွန်သင်မှုကို ထပ်တလဲလဲ ပေးနေ၍ ဖြစ်သည်။

အဓိကကျသော သွန်သင်ချက်များကို ထောက်ကူရန်အတွက် ကျမ်းစာထဲက ကျမ်းချက် အထူးထူးအထွေထွေကို ကျွန်ုပ်တို့ ရှာကြသင့်သည်ဆိုသည့် စည်းမျဉ်းအကြောင်း ကျွန်ုပ်တို့ အများစု ကြားဖူးခဲ့ကြပြီး ဖြစ်သည်။ ဤစည်းမျဉ်းကို လိုက်နာရသည့်အကြောင်းရင်းမှာ သမ္မာကျမ်း ကိုးကားချက်တစ်ခုတည်းကို ကိုးကားခြင်းသည် အလွယ်တကူ နားလည်လွဲတတ်၍ ဖြစ်သည်။ ကျမ်းချက်တစ်ခု၏ အဆိုကို ကျွန်ုပ်တို့မှန်ကန်စွာ နားလည်ထားကြောင်း အတည်ပြုနိုင်သည့် နည်းလမ်းတစ်ခုမှာ ကျမ်းစာ၏ အခြားနေရာများမှာ အလားတူအဆိုကို ထပ်တလဲလဲဖော်ပြထားကြောင်း ပြသရေးပင် ဖြစ်သည်။

အခြားသော သင်ခန်းစာများထဲတွင် "ထိပ်ချွန်အောက်ကျယ် ကန်တော့ပုံစံ သေချာမှု" ဟု ကျွန်ုပ်တို့ ခေါ်ဆိုကြသည့် ပုံစံကို သုံး၍ ဓမ္မပညာပိုင်းဆိုင်ရာ သေချာမှုအကြောင်း ကျွန်ုပ်တို့ ပြောခဲ့ပြီး ဖြစ်သည်။ ဝန်ခံမှုရှိသော ခရစ်ယာန် ဓမ္မပညာရှင်တို့သည် ဘာကိုယုံကြည်ရမည်ဆိုသည်ကို ဆုံးဖြတ်ရာ၌



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

စိတ်ဝင်စားရုံသက်သက်မကဘဲ သူတို့၏ ဝန်ခံချက်အင်အားများအား ထိုဝန်ခံချက်တို့၏ သက်သေအင်အားများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရန်လည်း စိတ်ဝင်စားကြသည်။ ရှုထောင့်များစွာအရ ထိုအကြောင်းကြောင့်ပင် တူညီသော ဓမ္မပညာပိုင်းဆိုင်ရာ မှန်ကန်ချက်ကို ထပ်တလဲလဲဖော်ပြရန် ကျမ်းချက်များအား ကျွန်ုပ်တို့ စုစည်းကောက်နုတ်ကြခြင်း ဖြစ်သည်။ အဆိုပြုချက်တစ်ခုကို အထပ်ထပ်ထောက်ကူသည့်ကျမ်းချက်များအား ကျွန်ုပ်တို့ မရှာဖွေနိုင်သည့်အခါ အဆိုပါအဆိုပြုချက်အပေါ် သာမာန်အားဖြင့် ကျွန်ုပ်တို့ ယုံကြည်စိတ်လျော့ပေါ့ထားကြရသည်။ သို့တစေ မှန်ကန်ချက်တစ်ခုကို ကျမ်းစာထဲ ထပ်တလဲလဲတွေ့ရခြင်းသည် ကျွန်ုပ်တို့ ပိုမိုယုံကြည်စိတ်ချမှုရှိစေသည့် ပုံမှန်အနေအထား ဖြစ်သည်။

ထပ်တလဲလဲဖော်ပြချက်များအား ကောက်နုတ်စုစည်းခြင်း အရေးကြီးသလောက် စနစ်ကျဓမ္မပညာသည်တို့သည် ဓမ္မပညာအဆိုပြုချက်တစ်ခုအတွက် ပေါင်းစပ်ထောက်ကူမှုမျိုး ဖွဲ့စည်းရန်အတွက်လည်း ကျမ်းချက်များအား ကောက်နှုတ်ဖွဲ့စည်းကြသည်။ တနည်းဆိုရလျှင် စနစ်ကျဓမ္မပညာသည်တို့သည် သမ္မာကျမ်းစာတလျှောက် အထူးထူးအထွေထွေသော မှန်ကန်ချက်ဆိုင်ရာ အဆိုများကို ရှာဖွေကြပြီး ယင်းတို့အား ပိုကြီး၍ အဓိပ္ပာယ်မျိုးစုံထွက်သော ဓမ္မပညာဆိုင်ရာ အခိုင်အမာ ပြောဆိုချက်များကို ဖွဲ့စည်းရန် ကောက်နုတ်စုစည်းကြသည်။

နေ့စဉ်လူနေမှုဘဝမှ သာဓကတစ်ခုဖြင့် ပေါင်းစပ်ကောက်နုတ်စုစည်းမှု လုပ်ငန်းစဉ်ကို ပုံဖော်ကြည့်ကြပါစို့။ အပြင်သို့ ထွက်ကာနီးဆဲဆဲ မိုးကြိုးသံကြားသဖြင့် မိုးရွာတော့မည်ဟု ကျွန်ုပ်သံသယရှိသွားသည် ဆိုပါစို့။ ထိုသံသယကို ကျွန်ုပ် မည်သို့ အတည်ပြုပါသနည်း။ ဟုတ်ပါပြီ။ နည်းလမ်းတစ်ခုမှာ ၎င်းကို အတည်ပြုပေးသည့် အခြားအရာတို့ကို သတိထားကြည့်ရန် ဖြစ်သည်။ သူငယ်ချင်းတစ်ယောက် ပြေးလာပြီး ရေစိုရွှဲနေသည် ဆိုပါလျှင် မိုးရွာနေကြောင်း ကျွန်ုပ်ပိုစိတ်ချလို့ရပါသည်။ ရေစိုနေသော သူ့ထီးကို ကျွန်ုပ်အား ကမ်းပေးပါကလည်း မိုးရွာနေကြောင်း ကျွန်ုပ် ပိုလို့ပင် စိတ်ချရပါသည်။ ထို့ပြင် "မိုးအသည်းအသန် ရွာနေသည်" ဟု သူဆိုပါက ထီးမပါဘဲ အပြင်ထွက်ဖို့ ကျွန်ုပ် စဉ်းစားမှာပင် မဟုတ်တော့ကြောင်း ကျွန်ုပ် လုံးလုံး စိတ်ချလိုက်တော့မည်သာ ဖြစ်သည်။ အဆိုပါ အကဲဖြတ်ချက်တို့သည် ထပ်တလဲလဲ ဖြစ်နေသည်များ မဟုတ်ကြပါ။ မိုးချိန်းသံ ကျွန်ုပ် ကြားရသည်။ မိုးရေစိုရွှဲနေသော သူငယ်ချင်းကို တွေ့ရသည်။ သူ့ထီးကို ကိုင်ရသည်။ ရှင်းလင်းသော အစီရင်ခံချက်ကို ကြားရသည်။ အဆိုပါ သက်သေတစ်ခုချင်းစီက မတူကွဲပြားသည့်အရာကို ဖြည့်ဆည်းပေးသည်။ ထို့နောက် ကျွန်ုပ်၏ သံသယ မှန်ကြောင်း ယုံကြည်စေသည့် အထောက်အထားကို ယင်းတို့က အတူတကွ တည်ဆောက်ပေးသည်။

နည်းပေါင်းစုံဖြင့် စနစ်ကျဓမ္မပညာသည်တို့သည် ပေါင်းစပ်စုစည်းကောက်နုတ်ချက်၏ ပုံစံတူတစ်ခုကို ယူကြသည်။ ကျမ်းချက်တစ်ခုတွင် သွန်သင်ချက်တစ်ခုရှိကြောင်း သူတို့မှတ်သားသည်။ ထို့နောက် နောက်ထပ် ဆက်နွယ်နေသည့် အကြောင်းကိစ္စတစ်ခုသည် နောက်ထပ်ကျမ်းချက် တစ်ခုထဲတွင် အဆိုပြုထားကြောင်း သူတို့ မှတ်သားသည်။ ထို့နောက်တွင် အခြား ပတ်သက်စပ်ဆိုင်ရာ အယူအဆတို့ကို သွန်သင်သော အခြားကျမ်းချက်များကို သူတို့ ရှာဖွေသည်။ ထို့နောက်တွင်မှ အဆိုပါ

ဓမ္မပညာမှန်ကန်ချက်ရှိသမျှနှင့် ပေါင်းစပ် ဖွဲ့စည်းထားသော ဓမ္မပညာအဆိုပြုချက်တစ်ခုကို တည်ဆောက်ရန် အချက်အလက်ရှိသမျှကို သူတို့စုစည်းကြသည်။

ဤလုပ်ငန်းစဉ် မည်သို့ အလုပ်လုပ်သည်ကို သိရန် သူ့စနစ်ကျဓမ္မပညာ အပိုင်း၁ ၏ အခန်းကြီး ၈ အတွင်း ဘားကော့ဖ် ဆွေးနွေးထားသည့် ခရစ်တော်၏ ဘုရားသဘာဝ အကြောင်း ဆွေးနွေးချက်ဆီ ပြန်သွားကြပါစို့။ "သားတော်သည် ဘုရားဖြစ်သည်ဟု သမ္မာကျမ်းစာက ရှင်းလင်းပြတ်သားစွာဖြင့် အခိုင်အမာဆိုထားကြောင်း" သူပြောသည့်အခါ ခရစ်တော်၌ ဘုရားသဘာဝရှိကြောင်း ရှင်းလင်းသော အဆိုများအကြောင်း ထပ်တလဲလဲဖော်ပြချက်ကို သူ မှတ်သားထားကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ သို့တစေ ခရစ်တော်၌ ဘုရားဇာတိ အပြည့်အဝရှိသည် ဆိုသည့် သူ့ ဓမ္မပညာအဆိုပြုချက်အား ကျမ်းစာ၏ အခြားသောနေရာများစွာမှာ သူရှာတွေ့ထားသည့် ဆက်စပ်သော်လည်း မတူညီသည့် ပေါင်းစပ် စုစည်းကောက်နုတ်ချက်ကလည်း ထောက်ကူနေသည်။ ယခုလို သူဆက်ပြောခဲ့သည်-

> (သမ္မာကျမ်းစာကလည်း) ကိုယ်တော်အား ဘုရားနှင့် ဆိုင်သည့် နာမတော်များကို ပေးထားသည်။ ဘုရား သခင်၌ ဂုဏ်တော်များ ရှိသည်ဟုလည်း ဖော်ညွှန်းထားသည်။ ဘုရားသခင်သာ လုပ်နိုင်သော အလုပ်တို့ကို လုပ်ဆောင်နေကြောင်း ပြောဆိုထားသည်။ ဘုရားသခင်မှာသာ ရှိသော အသရေနှင့်လည်း ကိုက်ညီပြထားသည်။

ခရစ်တော်သည် ဘုရားဖြစ်သည် ဆိုသည့် ဘားကော့ဖ်၏ ကောက်ချက်သည် အဆိုပါ အဆိုတစ်ခုချင်းစီအပေါ်မှာ မမှီခိုဘဲ အဆိုပါ ဓမ္မပညာအဆိုရှိသမျှ၏ အစုအဝေးပေါ်မှာသာ မှီခိုထားသည်။

အဘယ်ကြောင့် ဘားကော့ဖ် ထိုသို့ပြုခဲ့ကြောင်း နားလည်ရန် မခက်ပါ။ ခရစ်တော်သည် ဘုရားဖြစ်ကြောင်း ယုံကြည်ချက်ကို သမ္မာကျမ်းအနက်ဖွင့်သူအများက မေးခွန်းထုတ်ထားကြ၍ ဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်၏ ဘုရားသဘာဝအား ကျမ်းပိုဒ်အချို့က ရှင်းရှင်း အခိုင်အမာပြဆိုကြောင်း ပြရုံမျှနှင့် မလုံလောက်ခဲ့ပါ။ အခြားသော စဉ်းစားဆင်ခြင်ချက်များ၏ အထောက်အကူကို ထပ်ဖြည့်စွက်ရင်း အဆိုပါ ကျမ်းချက်များကို မှန်ကန်စွာ သူနားလည်ထားသည့်အကြောင်းအား သူ အတည်ပြုလိုခဲ့သည်။ ကျမ်းစာအတွင်း ဘုရားသခင်နှင့်ဆိုင်သည့် နာမတော်များကို ခရစ်တော်သို့ ပေးထားခြင်း၊ နေရာတိုင်းမှာ ရှိခြင်း၊ အလုံးစုံကိုသိခြင်းကဲ့သို့သော ဘုရားသခင့် ဂုဏ်တော်များအား ကိုယ်တော်သို့ ညွှန်းဆိုပူဇော်ခြင်း၊ ဖန်ဆင်းခြင်း၊ အရာရာကို ထောက်မခြင်းတို့လို ဘုရားသခင်သာ လုပ်ဆောင်သည်များအား ကိုယ်တော်လုပ်ဆောင်ကြောင်း ပြောဆိုခြင်း၊ ဝတ်ပြုကိုးကွယ်ခံခြင်း၊ ဆုတောင်းနားငြောင်းခြင်းတို့လို ဘုရားသခင်သာ ခံယူအပ်သည့် ချီးမြှောက်မှုကို ကိုယ်တော်ထံ အပ်နှင်းခြင်းစသည့် အချက်များ ဖြစ်ကြသည်။ ဘားကော့ဖ်၌ ခရစ်တော်သည် ဘုရားဖြစ်သည် ဆိုသည့် အဆိုပြုချက်တည်းဟူသော

မှန်ကန်သော ဓမ္မပညာဆိုင်ရာအဆိုပြုချက် ရှိကြောင်း ယုံကြည်လောက်သည့် သက်သေကို ဖွဲ့စည်းပေးရန် ကျမ်းစာလာ အဆိုပါ မှန်ကန်ချက်အဆိုများက ပေါင်းစပ်ဖွဲ့စည်းပေးကြသည်။

ထို့ကြောင့် သမ္မာကျမ်းချက်များထဲ အခိုင်အမာဖော်ပြထားသည့် အချက်များအပေါ် သူတို့၏ စူးစိုက်မှုများကို လျော့ချခြင်းဖြင့် စနစ်ကျဓမ္မပညာရှင်တို့သည် ဓမ္မပညာဆိုင်ရာ အဆိုပြုချက်တို့ကို ပထမဦးစွာ ကျမ်းစာထဲက ထုတ်ယူဖွဲ့စည်းကြခြင်း ဖြစ်သည်။ ထို့ပြင် ဒုတိယအားဖြင့် သမ္မာကျမ်းစာ၏ အထူးထူးအပြားပြားသော နေရာများမှ ကျမ်းချက်များကို စုစည်းကောက်နုတ်ခြင်းဖြင့် ထုတ်ယူဖွဲ့စည်းကြခြင်း ဖြစ်သည်။ ကျမ်းစာနှင့် ကိုက်ညီသော ဓမ္မပညာဆိုင်ရာ အဆိုပြုချက်များကို သူတို့ဖွဲ့စည်းခဲ့ကြပြီးကြောင်း အဆိုပါ နည်းလမ်းများအားဖြင့် စနစ်ကျဓမ္မပညာသည်တို့ စိတ်ချနိုင်ကြပေသည်။

ယခုတွင် ဓမ္မပညာဆိုင်ရာ အဆိုပြုချက်တို့နှင့် ယေဘုယျ ရင်းနှီးမှုကို ကျွန်ုပ်တို့ ရရှိပြီး ယင်းတို့ကို စနစ်ကျဓမ္မဗေဒသမားတို့ မည်သို့ ဖွဲ့စည်းယူကြကြောင်း သိရှိပြီး ဖြစ်သောကြောင့် စနစ်ကျဓမ္မပညာအတွင်း ဓမ္မပညာအဆိုပြုချက်တို့၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ ဟူသည့် ကျွန်ုပ်တို့၏ တတိယခေါင်းစဉ်ဆီ လှည့်ကြပါစို့။

# ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ

ဤကိစ္စကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်သည့်အခါ ခရစ်ယာန် ဓမ္မပညာတည်ဆောက်ခြင်းအတွက် အဓိက အရင်းအမြစ်သုံးခု အပေါ် ကျရောက်နေသည့် အဆိုပြုချက်တို့၏ သက်ရောက်မှုများကို လေ့လာခြင်းဖြင့် ဤစာစဉ်အတွင်းပြီးခဲ့သည့် သင်ခန်းစာများ၏ ပုံစံကို ကျွန်ုပ်တို့ လိုက်နာကြပါမည်။

ဘုရားသခင်၏ သီးသန့်နှင့် ယေဘုယျဗျာဒိတ်ဖွင့်ပြချက်များထဲက ဓမ္မပညာကို ခရစ်ယာန်တို့ တည်ဆောက်ကြရကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ သမ္မာကျမ်းစာကို အဓိက အနက်ဖွင့်ခြင်းဖြင့် သီးသန့်ဗျာဒိတ်ဖွင့်ပြချက်ကို ကျွန်ုပ်တို့ နားလည်သိရှိကြရသည်။ ထို့ပြင် လူ့အဖွဲ့အစည်းနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း၊ အခြားသူများ အထူးသဖြင့် အခြားခရစ်ယာန်များထံမှ လေ့လာသင်ယူခြင်းတို့အပေါ် စူးစိုက်ခြင်းနှင့် ခရစ်ယာန် အသက်တာ အသက်ရှင်ခြင်း၊ ခရစ်တော်အတွက် အသက်ရှင်ခြင်းဆိုင်ရာ ကျွန်ုပ်တို့၏ အတွေ့အကြုံများအပေါ် စူးစိုက်ခြင်းတို့အားဖြင့် ယေဘုယျဖွင့်ပြချက်၏ အရေးကြီး ရှုထောင့်များကို ကျွန်ုပ်တို့ကိုယ်တိုင် အသုံးချခွင့်ရကြသည်။

အဆိုပါအရင်းအမြစ်တို့သည် အလွန်ပင် အရေးပါလှရကား တစ်ခုချင်းစီအရ စနစ်ကျဓမ္မပညာရှိ ပညာရပ်ဝေါဟာရများ၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် အဆိုပြုချက်များနှင့် ခရစ်ယာန် အသက်ရှင်ခြင်းတို့ကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ဒုတိယအားဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုနှင့် စပ်လျဉ်းပြီး

အဆိုပြုချက်များကို လေ့လာဖော်ထုတ်ကြပါမည်။ တတိယအားဖြင့် သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းနှင့် နှီးနွယ်ပြီး အဆိုပြုချက်တို့ကို ဆန်းစစ်ကြပါမည်။ ပထမအားဖြင့် ခရစ်ယာန်အသက်ရှင်ခြင်း၏ ဓမ္မပညာဆိုင်ရာ အရင်းအမြစ်ကို ကြည့်ကြပါစို့။

## ခရစ်ယာန်အသက်ရှင်ခြင်း

ခရစ်ယာန် အသက်ရှင်ခြင်းသည် တစ်ကိုယ်ရည် အသက်တာ သန့်ရှင်းခြင်းနှင့် သဘောညီသည်။ အခြားသော သင်ခန်းစာများအတွင်း တစ်ကိုယ်ရည် သန့်ရှင်းခြင်းသည် သဘောတရားအယူအဆ အဆင့်၊ ပြုမူကျင့်ကြံမှုအဆင့်၊ စိတ်ခံစားလှုပ်ရှားမှု အဆင့် တို့၌ ဖြစ်ပေါ်ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ သို့မဟုတ် ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း အခြေခံယုံကြည်ခြင်း၊ အခြေခံကျင့်ထုံးနှင့် အခြေခံ စိတ်ခံစားချက် ရသ အဆင့်များ ဖြစ်ကြသည်။

သန့်ရှင်းခြင်း၏ အဆိုပါ ရှုထောင့်အမြင်အမျိုးမျိုးအပေါ် ဓမ္မပညာအဆိုပြုချက်တို့၏ သက်ရောက်မှုပုံစံရှိသမျှကို လေ့လာဖော်ထုတ်ရန် ကျွန်ုပ်တို့မှာ အချိန်မလုံလောက်ပါ။ ထို့ကြောင့် ခရစ်ယာန်အသက်ရှင်ခြင်းကို အားပေးမြှင့်တင်သည့် အဓိကနည်းလမ်းတစ်ခုနှင့် ဟန့်တားသော အဓိကနည်းလမ်းတစ်ခုတို့ကိုသာလျှင် ကျွန်ုပ်တို့ ကန့်သတ်လေ့လာကြပါမည်။ ခရစ်တော်အတွက် ကျွန်ုပ်တို့ အသက်ရှင်ရန် ကြိုးပမ်းအားထုတ်မှုကို ဓမ္မပညာအဆိုပြုချက်များက အားပေးမြှင့်တင်နိုင်သည့် ဓမ္မပညာ နည်းလမ်းတစ်ခုကို ဦးစွာ လေ့လာကြပါစို့။

### အားပေးမြှင့်တင်မှု

အစဉ်အလာ အဆိုပြုချက်များ၏ အကြီးကျယ်ဆုံး အကျိုးကျေးဇူးတစ်ခုမှာ ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ အရေးကြီး ရှုထောင့် များစွာကို ယင်းတို့က တိုတိုတုတ်တုတ်နှင့် ရှင်းရှင်းလင်းလင်း ဖော်ပြနိုင်ခြင်းပင် ဖြစ်သည်။ ကျွန်ုပ်တို့ ခေတ်တွင် ခရစ်ယာန်အများစုသည် သူတို့ဘာယုံကြည်ထားသည်ကို အတိအကျ ဖော်ပြပြောဆိုနိုင်စွမ်း မရှိကြပေ။ ထို့ပြင် ကျွန်ုပ်တို့ ယုံကြည်ချက်များကို လျောက်ပတ်စွာ အကျဉ်းချုပ်ပေးခြင်းမျိုး ကျွန်ုပ်တို့ မလုပ်နိုင်ကြသဖြင့်လည်း ကျွန်ုပ်တို့ နေ့စဉ်ဘဝ၌ ခရစ်တော်အတွက် အသက်ရှင်ရာတွင် မကြာခဏ အခက်ကြုံရသည်။

သူမ၏ အသင်းတော်နှင့် ပတ်သက်ပြီး မည်သို့ ဆုံးဖြတ်ရမည်ကို မသိသည့် မိန်းမရွယ်တစ်ဦးနှင့် စကားပြောဆိုခဲ့ရပုံကို ကျွန်ုပ် အမှတ်ရပါသည်။ သူမ၏ အသင်းတော်သည် အသင်းသားထုအတွင်း မသန့်ရှင်းသော အသက်ရှင်မှု ပုံစံအချို့ကို သည်းခံနေသည့်အပေါ် မသက်မသာဖြစ်ရသော်လည်း အသင်းတော်ကို သူမ မခွဲခွာလိုပါ။ ကျွန်ုပ်ထံလာပြီး "ကျွန်မ ဘာလုပ်ရမှန်း မသိတော့ပါဘူး။ တရားဒေသနာတွေကြောင့် ကျွန်မ အကျိုးအများကြီး ဖြစ်ခဲ့လို့ အသင်းတော်ကို ကျွန်မ မသွားဘဲ မနေနိုင်ဖြစ်နေပါတယ်။ ကျွန်မ ဘယ်လို ဆုံးဖြတ်ရမလဲ" ဟု ဆိုသည်။ ထို့ကြောင့် ကျွန်ုပ်က သူမအား "စစ်မှန်တဲ့ အသင်းတော်ရဲ့ လက္ခဏာတွေက ဘာတွေဖြစ်မယ်လို့ သင်ထင်ပါသလဲ" ဟု မေးရသည်။ ကျွန်ုပ်ကို ခံစားချက်မပါဘဲ ငေးစိုက်ကြည့်ပြီး နောက်ဆုံး၌ "ကျွန်မ မသိဘူး" ဟု သူမ ဖြေဆိုသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ထို့ကြောင့် "*စစ်မှန်တဲ့* အသင်းတော်ရဲ့လက္ခဏာ ဘာတွေလဲ ဆိုတာ သင်မဆုံးဖြတ်နိုင်မချင်း *သင့်* အသင်းတော်အတွက် ဘာလုပ်ရမယ်ဆိုတာ သင်ဆုံးဖြတ်နိုင်မယ်လို့ ကျွန်ုပ်မထင်ဘူး" ဟု နောက်ဆက်တွဲ ပြောဆိုခဲ့ရသည်။ ထို့နောက်တွင် "ပရိုတက်စတင့် ဓမ္မပညာအရ စစ်မှန်သော အသင်းတော်၏ လက္ခဏာသုံးခုရှိကြောင်း၊ ယင်းတို့မှာ နှုတ်ကပတ်တော်ကို သစ္စာရှိစွာဟောပြောခြင်း၊ မင်္ဂလာတရားများကို သစ္စာရှိစွာ စီစဉ်လုပ်ဆောင်ခြင်း၊ အသင်းတော် စည်းကမ်းကို သစ္စာရှိစွာ ကျင့်ဆောင်ခြင်းတို့ ဖြစ်ကြောင်း" ကျွန်ုပ် သူမကို ပြောပြသည်။ သူမ၏ တုန့်ပြန်ချက်မှာ မှတ်သားလောက်ပါပေသည်။ "အရင်က တစ်ယောက်ယောက်က ကျွန်မကို ဒီလိုပြောပြခဲ့ရင် ကောင်းမှာပဲ။ ဘာကို စဉ်းစားရမှန်း ကျွန်မ မသိခဲ့ဘူး" ဟု ကျွန်ုပ်ကို ပြောဆိုသည်။

ယနေ့ခေတ်ကာလ ခရစ်ယာန်များစွာသည် မကြာခဏဆိုသလို ခရစ်ယာန်ယုံကြည်ခြင်းတရားက တင်ပြသည့် အခြေခံအကျဆုံး ဓမ္မပညာအဆိုပြုချက်ကိုပင်လျှင် လေ့လာသင်ယူရန် အချိန် မပေးလိုကြပေ။ ထို့ကြောင့် ကောင်းစွာ ဖွဲ့စည်းထားသည့် ဓမ္မပညာ အဆိုပြုချက်များနေရာတွင် စိတ်ကူးယဉ် သို့မဟုတ် ပညာမပါသော ထင်မြင်ချက်များကို သူတို့ အစားထိုးကြတော့သည်။ သို့သော် ဤသို့လုပ်ဆောင်ခြင်း၏ အကျိုးရလာဒ်မှာမူ အမြဲလို အတူတူသာဖြစ်သည်။ ကျွန်ုပ်တို့မှာ အရေးကြီး ဆုံးဖြတ်ချက်များချလာရသည့်အခါ၊ နေ့စဉ်နေ့တိုင်း ကျွန်ုပ်တို့ တွေ့ကြုံရသည့် ကျင့်ဝတ်ဆိုင်ရာ ရွေးချယ်မှုများ ပြုလုပ်ရန် ရှိလာသည့်အခါ ကျွန်ုပ်တို့ ဘာလုပ်ရမည်ကို မသိကြတော့ပါ။ အကြောင်းမှာ ကောင်းစွာ ဖွဲ့စည်းထားအပ်သော ဓမ္မပညာပိုင်းဆိုင်ရာ အဆိုပြုချက်များကို ကျွန်ုပ်တို့ ရှင်းလင်းပြောဆိုနိုင်စွမ်း မရှိကြ၍ ဖြစ်သည်။ ကျမ်းစာနှင့် ညီလျော်သော အဆိုပြုချက်များစွာအား အစဉ်အလာ စနစ်ကျဓမ္မပညာက ကျွန်ုပ်တို့ကို ပေးထားသည်။ ယင်းတို့ကို လေ့လာသင်ယူခြင်းသည် ခရစ်ယာန်များက ခရစ်တော်အတွက် အသက်ရှင်ရန် ရှာကြံရာ၌ လုပ်နိုင်သည့် အထောက်အကူအဖြစ်ဆုံး အရာတစ်ခုပင် ဖြစ်သည်။

အစဉ်အလာ ဓမ္မပညာ အဆိုပြုချက်တို့နှင့် ရင်းနှီးကျွမ်းဝင်လာနိုင်ခြင်းသည် အပြုသဘောဆောင်သလောက် ယင်းတို့ကို အလေးပေးလွန်ကဲခြင်း သို့မဟုတ် ယင်းတို့အပေါ် မှီခိုလွန်ခြင်းတို့သည် ခရစ်ယာန် အသက်ရှင်ခြင်းကို ဟန့်တားနိုင်ပေသည်။

## ဟန့်တားမှု

ဤအဆို မှန်ကန်ပုံတစ်ခုမှာ တိုးချဲ့ထားသည့် ဓမ္မပညာအဆိုပြုချက်စဉ်တစ်ခုသည် ခရစ်ယာန် အသက်တာအတွင်း လက်တွေ့ဆုံးဖြတ်ချက်များ ချရန် သူတို့လုပ်ရမည့်အရာအလုံးစုံပင် ဖြစ်သည်ဟု စနစ်ကျဓမ္မပညာကို လေ့လာသူ ခရစ်ယာန်များက အမြဲလို ထင်တတ်ကြခြင်းပင် ဖြစ်သည်။

ယခုတွင် ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည့်အတိုင်း ဓမ္မပညာအဆိုပြုချက်တို့က အထောက်အကူ ဖြစ်စေနိုင်ပါသည်။ သို့သော် တစ်ချိန်တည်းမှာပင် ဓမ္မပညာဆိုင်ရာ စံသတ်မှတ်ချက် အဆိုပြုချက်များနှင့် ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့ ပြုကြသည့် ရွေးချယ်မှုများအကြား ကွာဟမှု ရှိနေကြောင်း ကျွန်ုပ်တို့ အမြဲတစေ အမှတ်ရနေရန် လိုအပ်သည်။ ဓမ္မပညာ အဆိုပြုချက်များ ဆိုသည်မှာ ပုံမှန်အားဖြင့် စိတ်ကူးသက်သက် ကိစ္စများ သို့မဟုတ် ကျွန်ုပ်တို့ရင်ဆိုင်နေသည့် ကိစ္စများမှ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အပဖြစ်သည့် အကြောင်းအရာများ ဖြစ်ကြသည်။ ထို့ကြောင့် ယင်းတို့သည် ကျွန်ုပ်တို့ ရင်ဆိုင်နေရသည့် အခြေအနေများ၏ တိကျသော ဖော်ပြချက်များကို တိုက်ရိုက် မဖြေရှင်းပေးကြပါ။ ထို့ကြောင့် ရလာဒ်အားဖြင့် ကျွန်ုပ်တို့ ချမှတ်ရမည့် လက်တွေ့ ဆုံးဖြတ်ချက်များအတွက် လုံလောက်သည့် လမ်းညွှန်မှုကို မပေးနိုင်ပါ။

အကြောင်းမလှစွာပင် အဆိုပြုချက်များအတွင်း အကြီးအကျယ် မြုပ်နှံလာသူ ယုံကြည်သူများသည် ဤကွာဟမှု မည်မျှလောက် ကြီးကျယ်သည်ကို မကြာခဏ သဘောမပေါက်ပဲ ရှိနေတတ်ကြသည်။ သူတို့ လုပ်ဆောင်ရမည့်အရာရှိသမျှသည် အဆိုပြုချက်စဉ်တစ်ခုအကြောင်း ကျိုးကြောင်းသင့်စွာ တွေးယူရန်နှင့် ထိုသို့ပြုမှသာ အရာရာသည် အကုန်အစင် အဓိပ္ပာယ်ရှိမည်ဟု သူတို့ကိုယ်သူတို့ အယုံသွင်းကြသည်။

သို့သော် အမှန်တကယ်တွင်မူ ကျွန်ုပ်တို့ ခရစ်ယာန်ရှုထောင့်မှ ချမှတ်သမျှ ဆုံးဖြတ်ချက်တိုင်းတွင် ဓမ္မပညာ ပုံသေနည်းများအပေါ် ကျွန်ုပ်တို့ မှီခိုရုံသာမကဘဲ ကျွန်ုပ်တို့၏ အသေးစိတ် အခြေအနေများနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ ပုဂ္ဂိုလ်ရေးရာ အမှုဆောင်ခြင်းလို ကိစ္စများအပေါ်မှာလည်း အားပြုကြရသည်။ ဓမ္မပညာ စည်းမျဉ်းများနှင့် လက်တွေ့ ဘဝဆုံးဖြတ်ချက်များအကြား ကွာဟမှုကို ဖြည့်ဆည်းရန် ယေဘုယျ ဖွင့်ပြချက်၏ အဆိုပါ ရှုထောင့်များကို ကျွန်ုပ်တို့ အသုံးချရမည် ဖြစ်သည်။

သူမ၏ အသင်းတော်ကို စွန့်ခွာရန် စဉ်းစားနေသော မိန်းမရွယ်တစ်ဦး၏ သာဓကဆီ ပြန်သွားကြည့်ကြပါစို့။ သစ္စာရှိစွာဟောပြောခြင်း၊ သစ္စာရှိစွာ မင်္ဂလာတရားများကို စီစဉ်ခြင်း၊ သစ္စာရှိစွာ အသင်းတော်ကို ဆုံးမပဲ့ပြင်ခြင်းဆိုသည့် စစ်မှန်အသင်းတော် လက္ခဏာ သုံးချက်ကို ကြားလျှင်ကြားချင်း သူမ၏ အသင်းတော်ကို စွန့်ခွာဖို့ အလျင်အမြန်ပင် စိတ်ဆုံးဖြတ်ခဲ့တော့သည်။ သို့သော် ရုတ်ခြည်းပင် သူမကို ကျွန်ုပ် သတိပေးခဲ့သည်။

"ခဏစောင့်ပါဦး" ဟု သူမကို ကျွန်ုပ် သတိပေးသည်။ "သင် တစ်ခု နားလည်ထားဖို့ လိုတယ်။ ကမ္ဘာပေါ်က ဘယ်အသင်းတော်မှ လက္ခဏာ သုံးရပ်နဲ့ ပြည့်စုံတယ် ဆိုတာ မရှိပါဘူး။ သင့်အသင်းတော်ကိုအသေအချာ လေ့လာပြီး မကောင်းတာတွေ ဘယ်လို ရှိနေတယ်ဆိုတာကို ဆုံးဖြတ်ပါ။ ဒီထက်ပို အရေးကြီးတာက သင်ဆုတောင်းအချိန်ယူဖို့လည်း လိုပါတယ်။ သန့်ရှင်းသော ဝိညာဉ်တော်ရဲ့ လမ်းပြမှုကို ရှာပါ။ ဒါမှသာ ခိုင်မာတဲ့ ဆုံးဖြတ်ချက်တစ်ခုကို သင်ချနိုင်မှာပါ။ ဒါပြီးမှပဲ သြတ္တပ္ပစိတ် ကြည်ကြည်လင်လင်နဲ့ သင်ထွက်သွားလို့ ရနိုင်ပါတယ်"

လိုရင်းဆိုလျှင် ဓမ္မပညာအဆိုပြုချက်တို့သည် သူမ၏ အခြေအနေမျိုး၌ အရေးကြီးသလောက် ဓမ္မပညာအဆိုပြုချက်များ သက်သက်အပေါ်မှာသာ မှီခိုအားထားခြင်းသည် သူမ၏ ခရစ်ယာန် အသက်ရှင်မှုကို အမှန်တကယ်မှာ အဟန့်အတား ဖြစ်နိုင်ကြောင်း ထိုမိန်းမရွယ်ကို ကျွန်ုပ် ပြောဆိုနေခြင်း ဖြစ်သည်။ လက်တွေ့ မလုပ်ဆောင်မီ ယေဘုယျဖွင့်ပြချက်ကို သူမ လေ့လာကြည့်ဖို့ လိုပါသေးသည်။ သူမ၏ အခြေအနေကိုလည်း သူမ နားလည်ရန်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ ပုဂ္ဂိုလ်ရေးရာ အမှုဆောင်မှု၌ သူမကိုယ်ကို အပ်နှံဝန်ခံရန်လည်း လိုပါသေးသည်။

ခရစ်ယာန် အသက်ရှင်ခြင်းအတွက် ဓမ္မပညာအဆိုပြုချက်တို့က ကောင်းကျိုးနှင့် ဆိုးကျိုးများ မည်သို့ဆောင်ကြဉ်းလာနိုင်ကြောင်း နားလည်ခြင်း အပြင် လူ့အဖွဲ့အစည်းအတွင်း ကျွန်ုပ်တို့၏ အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းအပေါ်၌ ယင်းတို့က မည်သို့ ဩဇာလွှမ်းနေသည်ကိုလည်း ကျွန်ုပ်တို့ သတိပြုမိဖို့ လိုပါသည်။

# လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်း

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ ခရစ်တော်၏ ကိုယ်ခန္ဓာ အရေးပါမှုအပေါ် ကျွန်ုပ်တို့ စူးစိုက်ရန် ထောက်ကူသည်။ အဆိုပါ သင်ခန်းစာများထဲတွင် ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း ဆိုင်ရာ အရေးကြီးမျက်နှာစာ သုံးခုအကြောင်း ကျွန်ုပ်တို့ ပြောဆိုခဲ့ကြပြီး ဖြစ်သည်။ ယင်းတို့မှာ အတိတ် အသင်းတော်သမိုင်းအတွင်း သန့်ရှင်းသော ဝိညာဉ်တော် အမှုတော်ဆောင်မှု၏ သက်သေဖြစ်သည့် ခရစ်ယာန် အမွေဆက်ခံမှု၊ ယနေ့ ခရစ်ယာန် အသက်ရှင်မှုအတွင်း သန့်ရှင်းသော ဝိညာဉ်တော်အမှုဆောင်မှု သက်သေ၊ ကျွန်ုပ်တို့၏ တစ်ကိုယ်ရည် ကောက်ချက်ချမှုများနှင့် ယုံကြည်ဝန်ခံမှုများအတွင်း သန့်ရှင်းသော ဝိညာဉ်တော် အမှုဆောင်မှု သက်သေတို့ ဖြစ်ကြသည်။ လူ့အဖွဲ့အစည်းအတွင်း အဆိုပါ ရှုထောင့်မျက်နှာစာတို့သည် နည်းလမ်းများစွာဖြင့် အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်စပ်လျက် ရှိနေကြသည်။

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု အခြေခံအင်္ဂါရပ်များကို ဓမ္မပညာဆိုင်ရာအဆိုပြုချက်တို့က အားပေးမြှင့်တင်ခြင်း သို့မဟုတ် တားဆီးဟန့်တားခြင်း ပြုနိုင်သည့်နည်းလမ်းများအကြောင်း အမြင်နှစ်ခုလောက်ကို အတိုချုံး ကျွန်ုပ်တို့ ဖော်ပြပါမည်။ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို ဓမ္မပညာအဆိုပြုချက်တို့က အားပေးမြှင့်တင်နိုင်သည့် အရေးပါသောနည်းလမ်းတစ်ခုကို ဦးစွာ ကြည့်ကြပါစို့။

## အားပေးမြှင့်တင်မှု

ဝမ်းနည်းဖွယ်ကောင်းစွာပင် ယနေ့ကျွန်ုပ်တို့ ဧဝံဂေလိယုံကြည်သူ ခရစ်ယာန်များစွာတို့သည် မိမိတို့၏ အသင်းတော်များ၊ တရားဟောဆရာများနှင့် မည်သို့ ထိတွေ့ဆက်ဆံသင့်သည်ကို ဆုံးဖြတ်နိုင်စွမ်း နည်းပါးစွာဖြင့်အသင်းတော် တစ်ပါးမှတစ်ပါးသို့၊ တရားဟောဆရာ တစ်ဦးမှ တစ်ဦးသို့ ခုန်ကျော် ကူးသန်းနေကြသည်။ မည်သူ့နောက်လိုက်ရမှန်း ကျွန်ုပ်တို့ မသိကြပါ။ အသင်းတော်တစ်ပါး၏ အားနည်းချက်၊ အားသာချက်များကို ကျွန်ုပ်တို့ ခွဲခြားမသိနိုင်ကြပါ။ ဤသို့သော ပိုင်းခြားနားလည်မှု ချို့တဲ့ရသည့် အဖြစ်သည် ခရစ်ယာန်ယုံကြည်ခြင်း၏ အခြေခံမှန်ကန်ချက် အဆိုတို့ကို မသိနားမလည်ခြင်းမှ သာမန်အားဖြင့် ပေါ်ထွက်သည်။ စနစ်ကျဓမ္မပညာကပေးသော ဓမ္မပညာအဆို အုတ်မြစ်တို့ကို နားလည်သဘောပေါက်လာခြင်းသည် ပိုင်းခြားနားလည်တတ်သော ခရစ်တော်နောက်လိုက်တစ်ဦး ဖြစ်လာစေမည့် အကောင်းဆုံး နည်းလမ်းတစ်ခု ဖြစ်သည်။

စင်ကြယ်သော ဓမ္မပညာအဆိုပြုချက်များကပေးသော အခွင့်အရေးကို ရယူနိုင်ရန် အလွန်ပင် လက်တွေ့ကျသောနည်းလမ်းတစ်ခုမှာ ပရိုတက်စတင့် အမေးအဖြေအချို့နှင့် ရင်းနှီးကျွမ်းဝင်မှု ရှိလာခြင်းနည်းလမ်းပင် ဖြစ်သည်။ *ဟေးဒဲလ်ဘာ့ဂ် အမေးအဖြေ သို့မဟုတ် ဝက်စ်မင်စတာ အမေးအဖြေတိုများ* ကဲ့သို့သော အမေးအဖြေ တို့သည် လေ့လာသင်ယူလွယ်သည့် ဓမ္မပညာ အဆိုပြုချက်တိုများကို ပေးသည်။ ထို့ပြင် အဆိုပါ ဓမ္မပညာအမြင်တို့ကို လက်ကိုင်ပြုခြင်းဖြင့် ပိုမို ပိုင်းခြားနားလည်သော ခရစ်တော်နောက်လိုက်များ ဖြစ်လာနိုင်ကြပေသည်။

သာဓကအားဖြင့် ဘဝ အဓိပ္ပာယ် သို့မဟုတ် ရည်ရွယ်ချက်ကို တစ်ယောက်ယောက်က ဆွေးနွေးလိုသည်ဆိုကြပါစို့၊ *ဝက်စ်မင်စတာ အမေးအဖြေတို့* ၏ ပထမဆုံး မေးခွန်းနှင့် အဖြေကို သိရလျှင် အလွန့်အလွန် လွယ်ကူပေလိမ့်မည်။ ရိုးရှင်းသော ဝါကျတစ်ခုအတွင်း သမ္မာကျမ်းသွန်သင်ချက် အမြောက်အများအား ၎င်းက အကျဉ်းချုပ်ထားပေးပုံကို နားထောင်ကြည့်ပါ။ ဖြေဆိုရန် မေးခွန်း-

> လူ့အဆုံးသတ် အဓိက ရည်ရွယ်ချက်သည် အဘယ်နည်း။

အမေးအဖြေ၏ ဖြေဆိုချက်-

> လူ့အဆုံးသတ် အဓိက ရည်ရွယ်ချက်သည် ဘုရားသခင့် ဘုန်းထင်ရှားစေရန်နှင့် ကိုယ်တော်ကို ထာဝရ ခံစားပျော်မွေ့ရန် ဖြစ်သည်။

ဘဝတွင် ခရစ်ယာန်များ မည်သို့ ဇိမ်ခံသင့်သည်ဆိုသည့် ဆန်းသစ်သော ဘဝအမြင်နှင့် လာခဲ့သူတစ်ဦးဦး ရှိသည်ဆိုပါစို့။ ဟေးဒဲလ်ဘာ့ဂ် အမေးအဖြေ၏ ပထမဆုံးမေးခွန်းနှင့် အဖြေကို သိရလျှင် အလွန်ပင် အထောက်အကူဖြစ်ပေလိမ့်မည်။ ပထမဆုံး မေးခွန်း-

> အသက်ရှင်နေစဉ်အခါနှင့် သေဆုံးသွားစဉ်အခါ သင်၏ တစ်ခုတည်းသော နှစ်သိမ့်ရာမှာ အဘယ်နည်း။

အမေးအဖြေ က ပေးသော အဖြေမှာ ယခုလို ဖြစ်သည်-

> ကျွန်ုပ်ကိုယ်ကျွန်ုပ် မပိုင်ပါ။ ရှင်သည်ဖြစ်စေ၊ သေသည်ဖြစ်စေ ကျွန်ုပ်၏ ခန္ဓာနှင့် စိတ်ဝိညာဉ်ကို ကျွန်ုပ်၏ သစ္စာရှိသော ကယ်တင်ရှင် ယေရှုခရစ်တော်ကသာလျှင် ပိုင်ဆိုင်ပါသည်။ သူ၏ အဖိုးမဖြတ်နိုင်သော အသွေးတော်ဖြင့် ကျွန်ုပ်အပြစ်ရှိသမျှကို အပြည့်အဝ ပေးဆပ်ခဲ့ပြီး ဖြစ်ပါသည်။ မာရ်နတ်၏ အုပ်စိုးမှုမှလည်း ကျွန်ုပ်ကို လွတ်စေခဲ့ပြီး ဖြစ်ပါသည်။ ကောင်းကင်အဖ အခွင့်မရှိဘဲ ကျွန်ုပ်ဦးခေါင်းမှ ဆံချည်တစ်မျှင် မြေမကျရလေအောင် ကျွန်ုပ်အပေါ် ကိုယ်တော် ကြည့်ရှုစောင့်ရှောက်ပေးနေပါသည်။ အမှန်စင်စစ် အရာရာတို့သည် ကျွန်ုပ်၏ ကယ်တင်ခြင်းအတွက် ပြုစုလုပ်ဆောင်ကြရမည်

> ဖြစ်ပါသည်။ ကျွန်ုပ်ကို ကိုယ်တော်ပိုင်သောကြောင့် ခရစ်တော်သည် ကိုယ်တော်၏ ဝိညာဉ်တော်အားဖြင့် ကျွန်ုပ်အား ထာဝရအသက်ကို အာမခံပြီးသကာလ သူ့အတွက် ယခုကနေစ၍ ကျွန်ုပ်အသက်ရှင်ပေးနိုင်ရန် အလို့ငှာ နှလုံးသားပါလျက် ကျွန်ုပ်အသင့်ရှိအောင် ပြင်ဆင်ပေးထားသည်။

ယင်းတို့လို အခိုင်အမာ ဓမ္မပညာအမြင်များအား လေ့လာသင်ယူခြင်းသည် အခြားခရစ်ယာန်တို့နှင့် ကျွန်ုပ်တို့ အပြန်အလှန်ထိတွေ့ဆက်ဆံရာ၌ ပိုမိုပိုင်းခြားနားလည်နိုင်အောင် ကျွန်ုပ်တို့အား ပြင်ဆင်ပေးနိုင်သည်။ သို့ဖြစ်၍ ဤနည်းအတိုင်း လူ့အဖွဲ့အစည်းအတွင်း ကျွန်ုပ်တို့၏ အပြန်အလှန် ထိတွေ့ဆက်ဆံမှုကို ယင်းတို့က အကြီးအကျယ် အားပေးမြှင့်တင်ပေးကြသည်။

တစ်ချိန်တည်း၌ စင်ကြယ်သော ဓမ္မပညာအဆိုပြုချက်တို့ကို နားလည်ခြင်းသည် ကျွန်ုပ်တို့အား ပိုမို ပိုင်းခြားနားတတ်လာစေသောအားဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို အားပေးမြှင့်တင်နေစဉ်မှာပင် ဓမ္မပညာအဆိုပြုချက်တို့အပေါ် စူးစိုက်ခြင်းသည် ခရစ်ယာန်များအကြား အပြန်အလှန်ထိတွေ့ဆက်ဆံခြင်းကို ဟန့်တားမှုလည်း ပြုနိုင်ပေသေးသည်။

## ဟန့်တားမှု

တစ်ခါတစ်ရံ ခရစ်ယာန်တို့သည် မိမိတို့ကိုယ် မိမိတို့ ဓမ္မပညာအဆိုပြုချက်စဉ်များနှင့် အလွန်အမင်း နီးနီးကပ်ကပ် အဆက်ဖြစ်သွားမိရကား ယင်းအကြောင်းအရာများကို အလားတူစွာ အတိအကျ မပြောဆိုကြသည့် အခြားခရစ်ယာန်များနှင့် အပြုသဘောဆောင်သည့်ပုံစံများဖြင့် အပြန်အလှန်ထိတွေ့ဆက်ဆံရာ၌ အခက်အခဲကြုံရသည်။

ဓမ္မပညာအဆိုပြုချက်များကြောင့် ဖြစ်ပေါ်ရပြီး ကျွန်ုပ်တို့ဖက်ကလည်း အမြဲလို မေ့ထားတတ်ကြသည့် ပြဿနာတစ်ခုကို သင်သိပါသည်။ အများစုမှာ ကျမ်းစာကိုးကားချက်များ မဟုတ်ကြပါ။ ထိုအစား ယင်းတို့သည် လူ့အနက်ဖွင့်ချက်များမှ ပေါ်ထွက်လာသည်များ ဖြစ်ကြသည်။ သမ္မာကျမ်းသွန်သင်ချက်များကို ဖြစ်နိုင်သမျှတိတိကျကျ အကျဉ်းချုပ်ဖော်ပြပေးနိုင်အောင် ယင်းတို့က ကြိုးပမ်းကြသည်။ သို့တစေ ဤသင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ပြီးခဲ့ကြသလို တစ်ခါတစ်ရံ ယင်းတို့သည် အလွန်ပင် ခက်ခဲရှုပ်ထွေးသော လုပ်ငန်းစဉ်များအရ ပေါ်ထွက်လာသည့် ရလာဒ်များ ဖြစ်ကြသည်။ အကောင်းဆုံးသော ဓမ္မပညာအဆိုပြုချက်များပင်လျှင် နယ်ပယ် အကန့်အသတ်ရှိသည်။ ထို့ပြင် ရှိသမျှတို့မှာလည်း အပြစ်အနာအဆာ တစ်ခုမဟုတ် တစ်ခု ရှိကြသည်။ အကျိုးဆက်အားဖြင့် စနစ်ကျဓမ္မပညာထဲက အဆိုပြုချက်များအကြောင်း ကျွန်ုပ်တို့ ပိုမိုလေ့လာရသည်နှင့်အမျှ ယင်းတို့သည် မှုတ်သွင်းချက်များမဟုတ်ကြောင်း၊ မမှားမယွင်းပါဟု မယူဆနိုင်ကြောင်း၊ ယင်းတို့၏ အခွင့်အာဏာသည်လည်း သမ္မာကျမ်းစာလောက် မကြီးကျယ်ကြောင်း သိမှတ်ခြင်းနှင့်အတူ ယင်းတို့အပေါ် အားကိုးမှုအား အမြဲတစေ ထိန်းချုပ်ကြရမည် ဖြစ်သည်။

သူမှာ ခရစ်ယာန် သူငယ်ချင်းမရှိဟု ပြောသည့် သူငယ်ချင်းတစ်ဦးနှင့် တစ်ခါက စကားပြောဆိုဖြစ်ခဲ့ပုံကို ပြန်အမှတ်ရပါသည်။ အထီးကျန်နေခြင်းကို သူမကျေနပ်ပါ။ ထို့ကြောင့် ဘယ်သူနှင့်မျှ မိတ်မဖွဲ့ဘူးလားဟု သူ့ကို ကျွန်ုပ်မေးပါသည်။ "ကျွန်တော့် ယုံကြည်ချက်နဲ့ ကိုက်တဲ့သူ

တစ်ယောက်မှ ကျွန်တော် ရှာမတွေ့နိုင်ဘူး။ ဒါကြောင့် ကျွန်တော့်မှာ ဘာမိတ်သဟာယမျှ မရှိဘူး" ဟု ပြန်ဖြေပါသည်။ "ခရစ်တော်ကို ယုံကြည်တဲ့သူ ဘယ်သူ့ကိုမှ ခင်ဗျား မတွေ့နိုင်ဘူးလို့ ပြောချင်တာလား" ဟု ကျွန်ုပ် တုန့်ပြန်သည့်အခါ "အို မဟုတ်ဘူး၊ ဒီလိုတော့ မဟုတ်ပါဘူး" ဟု ပြန်ပြောသည်။ "အရာရာမှာ ကျွန်တော်နဲ့ သဘောညီတဲ့သူမျိုး ကျွန်တော် ရှာမတွေ့နိုင်တာကို ပြောတာပါ" ဟု ပြန်ပြောသည်။ ကျွန်တော် သူ့ကြောင့် ချောက်ချားမိပါသည်။ ဓမ္မပညာ၏ အသေးစိတ် တစ်ခုချင်းစီအပေါ် ခရစ်ယာန်များ မည်သည့်အခါကမျှ သဘောညီညွတ်မှု မရှိခဲ့ကြကြောင်း သူသိခဲ့ဖို့ ကောင်းပါသည်။

သို့သော် ဝမ်းနည်းဖွယ်ရာပင် ကျွန်ုပ်၏ သူငယ်ချင်းမှာ ဆိုးရွားသည့် ရှေ့တန်းတင်မှုများ ရှိနေခဲ့သည်။ ဓမ္မပညာ အဆိုပြုချက်များအပေါ် လွန်လွန်ကဲကဲ အလေးပေးမှုများ သူ့မှာ ရှိနေရကား အခြားသူတို့နှင့် သူ့မိတ်သဟာယဖွဲ့နိုင်စွမ်းသည်ပင်လျှင် တားဆီး ဟန့်တားခံရတော့သည်။ ရာစုနှစ်များစွာတလျှောက် ခရစ်ယာန်များက အခြား ခရစ်ယာန်များနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံရာ၌ အဟန့်အတားဖြစ်စရာ ဓမ္မပညာ ယုံကြည်ဝန်ခံမှုများကို အခွင့်ပေးကြသည့်အခါ ခရစ်ယာန် ယုံကြည်ခြင်းတရားသည်လည်း အကြီးအကျယ် ထိခိုက်ခဲ့ရတော့သည်။ ဓမ္မပညာအရေးအရာတွင် သိမ်မွေ့နူးနယ်ပြီး မသိသာသော ဤရှုထောင့်၊ ထိုရှုထောင့်များအပေါ် ကျွန်ုပ်တို့ ယုံကြည်ချက်များနှင့် ညီအောင် သူတပါးတို့အား အတင်းအကြပ် ကျွန်ုပ်တို့ တောင်းဆိုသည့်အခါ သမ္မာ ကျမ်းညွှန်ကြားချက်ဘောင်ကို ကျော်ကာ ကျွန်ုပ်တို့ အဝေးရောက်သွားကြတော့သည်။

ဤကိစ္စအတွက် ၁ကော ၈း၄-၁၂ တွင် တမန်တော် ရှင်ပေါလု ပြောခဲ့သည့်စကားများကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့၏ ဓမ္မပညာဝန်ခံမှုများနှင့် စပ်လျဉ်း၍ ယခုလို ဖတ်ရသည်-

> ရုပ်တုသည် အချည်းနှီးသက်သက်ဖြစ်သည်ကို ငါတို့သိကြ၏။ ... သို့သော်လည်း ထိုဉာဏ်ကို လူတိုင်းမရ။ အချို့သောသူတို့သည် ယခုတိုင်အောင် ရုပ်တုရှေ့၌ ပူဇော်သော ယဇ်ကောင်ကို စားသော် ရုပ်တုကို ထောက်သောစိတ်နှင့် စားကြသည်ဖြစ်၍ သူတို့၌ ကိုယ့်ကိုယ်ကိုယ် သိသောစိတ်သည် အားနည်းသောကြောင့် ညစ်ညူးခြင်းသို့ ရောက်တတ်၏။ ....အကြောင်းမူကား သင်သည် ပိုင်းခြားတတ်သော ဉာဏ်ရှိလျက်ပင် ရုပ်တုစင်ထဲ၌ စားပွဲနားမှာ လျောင်းသည်ကို သူတပါး မြင်လျှင် ကိုယ်ကိုယ်ကိုယ်သိသောစိတ် အားနည်းသောသူသည် ရုပ်တုရှေ့၌ ပူဇော်သော ယဇ်ကောင်ကို စားခြင်းငှာ ရဲမည်မဟုတ်လော။ သင်တို့သည် ညီအစ်ကိုကို ထိုသို့ ပြစ်မှား၍ သူတို့၌ ကိုယ့်ကိုယ်ကိုယ် သိသောစိတ်ကို ထိခိုက်သောအခါ ခရစ်တော်ကိုလည်း ပြစ်မှားရာသို့ ရောက်၏ (၂ကော ၈း၄-၁၂)။

ပိုင်းခြားနားလည်ခြင်း မရှိသော ခရစ်ယာန်များကို ချစ်ရန်နှင့် သူတို့ကို အစေခံရန်အတွက် ပိုင်းခြားနားလည်သော ခရစ်ယာန်တို့ကို ပေါလု တိုက်တွန်းခဲ့သည်။ အခြားသူများကို ထိမိလဲစေခြင်းမှ ရှောင်ကြဉ်နိုင်ရန်အတွက် သူတို့၏ ပိုင်းခြားနားလည်မှုကို ထိန်းချုပ်ကန့်သတ်ကြဖို့ကိုပင်လျှင်

ပိုင်းခြားနားလည်တတ်သော ခရစ်ယာန်များအား ရှင်ပေါလု တိုက်တွန်းခဲ့သည်။ အုပ်စုခွဲမှုနှင့် ဘက်လိုက်ရွေးချယ်မှုအစား အခြေခံမကျသော အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဓမ္မပညာချို့တဲ့သူတို့နှင့် မိတ်ဖွဲ့ရာတွင် စင်ကြယ်သောဓမ္မပညာ သိကျွမ်းသူတို့ဘက်က နည်းလမ်းရှာကြဖို့ ရှင်ပေါလုက အခိုင်အမာ တောင်းဆိုထားသည်။ အချုပ်ဆိုသော် အခြေခံမကျသော ဓမ္မပညာ အဆိုပြုချက်များကို အတိအကျလိုက်နာရေးထက် မိတ်သဟာယက ပိုအရေးကြီးကြောင်း သူတို့အား ပေါလု သွန်သင်ခဲ့ရသည်။ အသေးစိတ် ရှိသမျှ၌ ကျွန်ုပ်တို့နှင့် သဘောမတူနိုင်သော ခရစ်ယာန်တို့နှင့် ကျွန်ုပ်တို့ မည်သို့ လက်တွဲလုပ်ဆောင်ရမည်ကို လေ့လာသင်ယူရန် ကျွန်ုပ်တို့အားလုံးအတွက် အချိန်တန်နေပြီ ဖြစ်သည်။ ခရစ်ယာန် အသက်ရှင်ခြင်းနှင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းတို့နှင့် ဓမ္မပညာအဆိုပြုချက်များ ဆက်နွယ်ပုံနည်းလမ်းအချို့ကို တွေ့ပြီးဖြစ်၍ သမ္မာကျမ်းအနက်ဖွင့်ခြင်း ဟူသော တတိယ ဓမ္မပညာအရင်းအမြစ်ဆီ လှည့်ကြပါစို့။ စနစ်ကျဓမ္မပညာတွင် အဆိုပြုချက်တို့သည် ကျွန်ုပ်တို့၏ ကျမ်းစာအနက်ဖွင့်ချက်အပေါ် မည်သို့ အကျိုးသက်ရောက်မှု ရှိပါသနည်း။

## ကျမ်းစာ အနက်ဖွင့်ခြင်း

ကျမ်းစာအနက်ဖွင့်ခြင်းသည် ခရစ်ယာန် ဓမ္မပညာတည်ဆောက်ခြင်း၏ အသက်ဖြစ်သည်။ အကြောင်းမှာ ၎င်းသည် ကျမ်းစာထဲရှိ ဘုရားသခင့် သီးသန့်ဗျာဒိတ်ဖွင့်ပြချက်သို့ ကျွန်ုပ်တို့ တိုက်ရိုက်အကျဆုံး ချဉ်းကပ်လမ်းဖြစ်သောကြောင့် ဖြစ်သည်။ သမ္မာကျမ်းစာကို အနက်ပြန်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်က အသင်းတော်ကို ဦးဆောင်ခဲ့သည့် အဓိကနည်းလမ်း ၃ ခု အကြောင်း ဆွေးနွေးခြင်းသည် အထောက်အကူဖြစ်စေကြောင်းနောက်လာမည့် သင်ခန်းစာထဲမှာ အကြံပြုထားပါသည်။ အဆိုပါ ကျယ်ပြန့်သည့် အတန်းအစားများကို စာပေရေးဟန် စိစစ်ချက်၊ သမိုင်းကြောင်း စိစစ်ချက်၊ အာဘော်စိစစ်ချက် ဟူ၍ ကျွန်ုပ်တို့ အမည်ပေးထားကြသည်။ လူသားစာရေးသူများက သူတို့၏ မူလပရိသတ်အား သူတို့၏ ထူးခြားပြောင်မြောက်သော စာပေအင်္ဂါရပ်တို့ဖြင့် သြဇာလွှမ်းရန် ရည်ရွယ် ဒီဇိုင်းချထားသည့် အနုပညာလက်ရာ တင်ပြချက်၊ ရုပ်ပုံကားချပ် တစ်ခုအနေဖြင့် ကျမ်းစာကို စာပေစိစစ်ချက်က လေ့လာသည်။ သမိုင်းကို ကြည့်ရှုရာ ပြတင်းပေါက်တစ်ခု၊ ကျမ်းစာက အစီရင်ခံထားသည့် ရှေးသမိုင်းအဖြစ်အပျက်တို့ထံမှ လေ့လာ၊ သင်ယူရာနည်းလမ်းတစ်ခုအနေဖြင့် ကျမ်းစာကို သမိုင်းကြောင်းစိစစ်ချက်က လေ့လာသည်။ ထို့ပြင် ကျွန်ုပ်တို့ကို စိတ်ဝင်စားစေသည့် မေးခွန်းများနှင့် အကြောင်းအရာများကို ထင်ဟပ်သည့် နည်းလမ်း၊ ကြေးမုံတစ်ချပ်အနေဖြင့် ကျမ်းစာကို အာဘော်စိစစ်ချက်က လေ့လာသည်။

အဆိုပါ အနက်ဖွင့်ခြင်းဆိုင်ရာကောက်ကြောင်းများကို ထည့်သွင်းစဉ်းစားလျက် သမ္မာကျမ်းစာကို ကျွန်ုပ်တို့ အနက်ဖွင့်မှုအား ဓမ္မပညာအဆိုပြုချက်တို့က အားပေးမြှင့်တင်နိုင်၊ ဟန့်တားနိုင်သည့် နည်းလမ်းများကို ကျွန်ုပ်တို့လေ့လာဖော်ထုတ်ကြပါမည်။

## အားပေးမြှင့်တင်မှု

အဆိုပြုချက်တို့က ကျွန်ုပ်တို့ အနက်ဖွင့်မှု၌ အပေါ်လွင်ဆုံး ကူပံ့နည်းလမ်းတစ်ခုမှာ ကျမ်းစာတလျှောက် ပျံ့ကျဲတည်ရှိနေသည့် ဓမ္မပညာအဆိုများကို ယင်းတို့က ရှင်းလင်းအောင်လုပ်ပေးသည့် နည်းလမ်းဖြစ်သည်။

အမှန်ပြောစရာ တစ်ခုရှိသည်ဆိုပါက ကျမ်းစာသည် ခက်ခဲရှုပ်ထွေးသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ ၎င်း၏ အထူးထူးအထွေထွေသော စာပေရေးဟန်များ၊ သမိုင်းအကိုးအကားများ၊ ဓမ္မပညာသွန်သင်ချက်များမှာ အလွန်ပင် ကျယ်ပြန့်လှရကား ခရစ်ယာန်အများက ကျမ်းစာအတွင်း တစ်လုံးတစ်ဝဖြစ်မှုကို များစွာ မမြင်နိုင် ဖြစ်ကြရသည်။ အကျိုးရလာဒ်အားဖြင့် ကျွန်ုပ်တို့အများစုသည် ဤမှာ၊ ထိုမှာ ရှိသည့် ဤကျမ်းပိုဒ်၊ ထိုကျမ်းပိုဒ် ထဲမှ စည်းမျဉ်းအနည်းငယ်ကို လေ့လာသင်ယူရန် ကျမ်းစာ၏ သေးငယ်သောအစိတ်အပိုင်းကလေးများထဲမှာသာ ရှာဖွေ၊ လေ့လာရုံမျှနှင့် ကျေနပ်နေကြသည်။ သမ္မာကျမ်းစာ သိမြင်နားလည်မှုကို ကျွန်ုပ်တို့ စတင်ခဲ့ထွင်လာသည်နှင့် ရှုပ်ထွေးမှုထဲ ကျွန်ုပ်တို့ လမ်းပျောက်ကြရတော့သည်။

ဤရှုပ်ထွေးမှုအတွင်း စနစ်ကျဓမ္မပညာ၏ ဓမ္မပညာ အဆိုပြုချက်များအား ကိုယ်စားပြုသည့် ရာစုနှစ်များစွာ အဓွန့်ရှည်ခဲ့သော သစ္စာစောင့်သည့် အနက်ဖွင့်ချက်က အကူအညီပေးလာသည်။ အသိအမြင်ကြွယ်သော ခရစ်ယာန်တို့သည် ကျမ်းစာထဲမှာ ပါရှိနေသည့် ဓမ္မပညာအဆိုများကို ရှာဖွေရန် ရာစုနှစ်များစွာ ကျမ်းစာကို စေ့စေ့လေ့လာခဲ့ကြသည်။ အထူးထူးအထွေထွေသော သမ္မာကျမ်းမြေမျက်နှာ သွင်ပြင်များကို ဖြတ်သန်းပြီး ကျွန်ုပ်တို့ လမ်းဖောက်ကြသည့်အခါ အဆိုပါ သမ္မာကျမ်းသွန်သင်ချက် အနှစ်ချုပ်များအား သိနားလည်ခြင်းက ကျွန်ုပ်တို့အား ထောက်ကူရာ လမ်းညွှန်မှတ်တိုင်များကို ပေးနိုင်သည်။

မည်သည့် သမ္မာကျမ်းပိုဒ်တစ်ခု၏ သွန်သင်ချက်ကိုမဆို လေ့လာလွယ်စေသည့် နည်းလမ်းတစ်ခုမှာ စနစ်ကျဓမ္မပညာအတွင်း ပါရှိနေသော အရေးကြီးအာဘော်များကို ယင်းကျမ်းပိုဒ်က ရှင်းပြသည့်နည်းများအား ရှာခြင်းဖြစ်ကြောင်း ကျောင်းသားများသို့ ကျွန်ုပ် ထောက်ခံပေးလေ့ရှိသည်။ သို့သော် ကျမ်းစာအပိုင်းကဏ္ဍတိုင်းက ဓမ္မပညာအဆိုပြုချက်တိုင်းကို ပေးမှာတော့ မဟုတ်ပါ။ သို့သော် အခြေခံဓမ္မပညာအဆိုပြုချက်တစ်ခုကို စိတ်ထဲထားပြီး ကျမ်းပိုဒ်တစ်ခုကို ဖတ်ခြင်းက သမ္မာကျမ်းပိုဒ်တစ်ခုနှင့် အကျွမ်းတဝင်ဖြစ်သွားဖို့ ထောက်ကူပါလိမ့်မည်။

သာဓကအားဖြင့် "ကမ္ဘာဦးကျမ်း အခန်းကြီးတစ်က စနစ်ကျဓမ္မသမားတွေ အလေးပေးတဲ့ ဘုရားသခင်အကြောင်း ဘာပြောထားသလဲ" ဟု ကျွန်ုပ်တို့ မေးနိုင်ပါသည်။ ကောင်းပါပြီ။ များစွာ ရှိသည့်အနက် ဘုရားသခင်သည် စကြဝဠာကို ဖန်ဆင်းသူဖြစ်ကြောင်း ၎င်းက သွန်သင်ထားသည်။ သို့သော် စနစ်ကျဓမ္မပညာက အလေးပေးထားသည့် လူသားများအကြောင်းကို ၎င်းက ဘာ ပြောထားပါသနည်း။ ကောင်းပါပြီ။ ကျွန်ုပ်တို့သည် ဖန်ဆင်းခံများဖြစ်ကြောင်း၊ ဘုရားသခင့် ပုံသဏ္ဍာန်တော်ဖြစ်ကြောင်း၊ ကမ္ဘာမြေကြီးကို အုပ်စိုးရန် ကျွန်ုပ်တို့အား ဘုရားသခင် ပညတ်တော်မူခဲ့ကြောင်း ၎င်းက သွန်သင်ထားပါသည်။ စနစ်ကျဓမ္မပညာထဲက အဆိုမှန်များကို တိကျသည့်ကျမ်းပိုဒ်များက မည်သို့ ဆွေးနွေးထားကြောင်း လေ့လာသင်ယူခြင်းသည်

စနစ်ကျဓမ္မပညာက ပေးအပ်သည့် အနက်ဖွင့်မှုဆိုင်ရာ အားပေးမြှင့်တင်မှုများစွာထဲက အကြီးကျယ်ဆုံး တစ်ခု ဖြစ်သည်။

အနက်ဖွင့်ခြင်းအတွက် အဆိုပြုချက်တို့ တန်ဖိုးရှိကြသလောက် ကျွန်ုပ်တို့ ကျမ်းစာ အနက်ဖွင့်ရာတွင် ထူးခြားအရေးပါစွာ ဟန့်တားနိုင်သည့် နည်းလမ်းတစ်ခုကိုလည်း ကျွန်ုပ်တို့ သတိပြုကြရပါမည်။

## ဟန့်တားမှု

အချက်အလက်ပေါင်းရုံးအနှစ်ချုပ်ခြင်းဖြင့် သမ္မာကျမ်းကို စနစ်ကျဓမ္မသမားတို့ အနက်ဖွင့်ကြသည့် နည်းလမ်းများအကြောင်း၊ သမ္မာကျမ်းပိုဒ်များက ရှင်းရှင်း သို့မဟုတ် သွယ်ဝိုက်ပြောဆိုသည့် အချက်မှန်များအပေါ် သူတို့ မည်သို့စူးစိုက်ပြီး ကျွန်ုပ်တို့အတွက် ကျမ်းပိုဒ်များက ပေးနေသည့် အခြားသောအရာများကိုမူ သူတို့ မည်သို့ ဘေးဖယ်ထားကြောင်း ကျွန်ုပ်တို့ ပြောခဲ့ကြပြီး ဖြစ်ပါသည်။

သို့သော် အမှန်တရား ဆိုရလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ အထူးထူးအထွေထွေသော ရေချိန်များနှင့်အညီ ကျွန်ုပ်တို့အပေါ် ရိုက်ခတ်မှုပေးဖို့ရန် သမ္မာကျမ်းစာကို မှုတ်သွင်းတော်မူခဲ့သည်။ ကိုယ်တော်၏ ပဲ့ပြင်မှုကို အထက်ပါအတိုင်း နည်းကုန်လမ်းကုန် ကျွန်ုပ်တို့ လိုအပ်၍လည်း ဘုရားသခင် ဤသို့ ပြုတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အကျင့်ပါနေသည့်အတိုင်း မှန်ကန်ချက် အဆိုများကိုသာ ကျွန်ုပ်တို့ မီးမောင်းထိုးကြသည့်အခါ ကျမ်းစာထဲ ကျွန်ုပ်တို့ကို ဘုရားသခင် ပေးကမ်းတော်မူသည့် အရာများစွာနှင့် ကျွန်ုပ်တို့ အဆက်ပြတ်ကြရတော့သည်။

သမ္မာကျမ်းစာက မတူခြားနားသော နည်းလမ်းများစွာဖြင့် ပေးဖို့ရန် ဒီဇိုင်းချထားသော ရိုက်ခတ်မှုမျိုးစုံအကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်ပါသည်။ သို့သော် အထောက်အကူဖြစ်သည့် နည်းလမ်းတစ်ခုမှာ သမ္မာကျမ်းစာသား ရှိသမျှ၏ အချင်းချင်း ဆက်သွယ်ပတ်သက်နေသည့် မျက်နှာစာ သုံးခုအကြောင်း ဆွေးနွေးခြင်း ဖြစ်သည်။

ပထမအားဖြင့် သမ္မာကျမ်းပိုဒ်တို့က အသိပညာဆိုင်ရာ ရိုက်ခတ်မှုကို ပေးသည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သိပြီး ယုံကြည်နိုင်ရန် ရှင်းလင်းသော သို့တည်းမဟုတ် သွယ်ဝိုက်သော အချက်အလက်မှန်တို့ကို ယင်းတို့က ပို့ပေးသည်။ ယင်းသည် စနစ်ကျဓမ္မပညာ၏ အားသာချက်ဖြစ်သည်။ ရည်ရွယ်ချက်မှာ အဆိုပါ မှန်ကန်ချက်တို့ကို သီးသန့်ဖယ်ထုတ်၍ ကောက်နုတ်စုစည်းပြီး ဓမ္မပညာအဆိုပြုချက်တစ်ခုကို ဖန်တီးရန် ဖြစ်သည်။

သို့တစေ တစ်ချိန်တည်းမှာပင် သမ္မာကျမ်းပိုဒ်တို့က ညွှန်ကြားချက်ဆိုင်ရာ ရိုက်ခတ်မှုကိုလည်း ပေးနေသည်။  ကျွန်ုပ်တို့ အသက်တာအတွက် တိုက်ရိုက်ကျသော သို့မဟုတ် သွယ်ဝိုက်သော ကျင့်ဝတ်ဆိုင်ရာ ညွှန်ကြားချက်များကိုလည်း ယင်းတို့က ပေးနေသည်။ ပညတ်ပုံစံနှင့် လာသည့် ကျမ်းပိုဒ်များကို ကျွန်ုပ်တို့လေ့လာလျှင် အပေါ်လွင်ဆုံး ဖြစ်သည်။ သို့သော် အသိပေးဖော်ပြရန် အခြေခံဒီဇိုင်းချထားသည့် ကျမ်းပိုဒ်များသည်ပင်လျှင် ကျင့်ဝတ်ဆိုင်ရာဝတ္တရားများကို သွယ်ဝိုက်ဖော်ပြထားသည်။

၂ တိမောသေ ၃း၁၆-၁၇ တွင် ဤအချက်ကို ပေါလု ပြောထားသည်။ သူ့စကားများကို တဖန် ပြန်နားထောင်ကြည့်ပါ။

> ကျမ်းစာရှိသမျှသည် ဘုရားသခင် မှုတ်သွင်းတော်မူသောအားဖြင့် ဖြစ်၍ ဘုရားသခင့်လူသည် ကောင်းသောအကျင့်အမျိုးမျိုးကို ပြုစုအံ့သောငှာ ပြင်ဆင်သောသူ ဖြစ်မည့်အကြောင်း သြဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏ (၂တိမောသေ ၃း၁၆-၁၇)။

ရှင်ပေါလုအလိုအရ ကျမ်းပိုဒ်ရှိသမျှအား ညွှန်ကြားချက်ဆိုင်ရာ ရိုက်ခတ်မှုတစ်ခုကို အတိုင်းအတာတစ်ခုအထိ ပေးနိုင်ရန် ဒီဇိုင်းချထားသည်။

တတိယအားဖြင့် သမ္မာကျမ်းပိုဒ်များက စိတ်ခံစားမှုဆိုင်ရာ ရိုက်ခတ်မှုကိုလည်း ပေးသည်။ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ စာဖတ်သူတို့ စိတ်ထဲ ခံစားချက်တစ်ခုကို ပေးရန် ရည်ရွယ်ချက်ထားသည်။ သမ္မာကျမ်းစာ၏ ဤလုပ်ငန်း ဆောင်ရွက်ပုံသည် ဆာလံကျမ်းလို၊ စာရေးသူတို့က စိတ်ခံစားချက်များအား အလေးပေးရာ ကျမ်းပိုဒ်များလို ကျမ်းစာသားများကို ကျွန်ုပ်တို့ ဖတ်ရှုရသည့်အခါ အပေါ်လွင်ဆုံး ဖြစ်သည်။ သို့သော် သမ္မာကျမ်းပိုဒ်တိုင်းမှာ ကျွန်ုပ်တို့ကို ခံစားမှုရသတစ်မျိုးမျိုး ပေးနိုင်သည့် အလားအလာ ရှိနေသည်။

ဓမ္မဟောင်းကို ယေရှုက ယခုလို အကျဉ်းချုပ်ပေးထားရာ မဿဲ ၂၂း၃၇-၄၀ ကို ကြည့်ပါ။

> "ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။  ဤပညတ်သည် ပထမဆုံးနှင့် အကြီးမြတ်ဆုံး ပညတ်တော်ဖြစ်၏။ 'ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့' ဟူသော ဒုတိယပညတ်သည်လည်း ပထမ ပညတ်နှင့် အလားတူ၏။ ဤပညတ်နှစ်ခုကား ပညတ္တိကျမ်းနှင့် ပရောဖက်ကျမ်းရှိသမျှတို့၏ အချုပ်အချာဖြစ်သတည်း" (မဿဲ ၂၂း၃၇-၄၀)။

ကျမ်းစာ၌ ချစ်ခြင်းမေတ္တာသည် အလွန်ပင် ခံစားချက်ရသပါသော သဘောအယူအဆတစ်ခု ဖြစ်၏။  ယေရှုအလိုအရ ၎င်းသည် ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ အုတ်မြစ်ပင် ဖြစ်သည်။  သန့်ရှင်းသော စိတ်လှုပ်ရှားခံစားချက် ရှိသမျှကို တွေ့ကြုံခံစားတတ်ဖို့ ကျမ်းရေးသူတို့က ကျွန်ုပ်တို့အား တိုက်တွန်းထားသည်။ ကျွန်ုပ်တို့မှာ အပြစ်နှင့် ၎င်း၏ အကျိုးဆက်များကို မုန်းတီးသည့် စိတ်စေ့ဆော်မှုမျိုး ရှိဖို့ သူတို့ မျှော်လင့်သည်။ ကျမ်းစာစာရွက်များပေါ် ကျွန်ုပ်တို့ တွေ့သည့်အရာတို့ကို တုန့်ပြန်သည့်အနေနှင့် ကျွန်ုပ်တို့ ငိုကြွေး၊ ဝမ်းမြောက်တတ်ဖို့၊ လျောက်ပတ်သော လူ့ခံစားချက်ရှိသမျှကို ကျွန်ုပ်တို့ အပြည့်အဝ ခံစားတတ်ဖို့ သူတို့ မျှော်လင့်သည်။

ဤသို့သော ဒီဇိုင်းစုံလင်သည့် ကျမ်းစာသည်ပင်လျှင် သမ္မာကျမ်းထဲ ဓမ္မပညာအဆိုပြုချက်များ ရှာဖွေရာ၌ ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ အကန့်အသတ် မထားရှိရသည့် အကြောင်းရင်းပင် ဖြစ်တော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့၏ အချက်အလက်မှန်တို့သည် ဖြောင့်မှန်ကြရပါမည်။ သို့သော် ကျွန်ုပ်တို့၏ ကျင့်ဝတ်နှင့် စိတ်ခံစားချက်တို့သည်လည်း အလားတူ ဖြောင့်မှန်ရန် အရေးကြီးပါသည်။ ကျမ်းစာ၏ ကြွယ်ဝသော ရတနာတို့သည် ဂရုစိုက်အနက်ဖွင့်ခြင်းအားဖြင့် ရှာဖွေဖော်ထုတ်မှုကို ငံ့လင့်လျက် ရှိပါသည်။ သို့သော် ဂရုစိုက် အနက်ဖွင့်ချက်သည်လည်း ကျွန်ုပ်တို့အား ကျမ်းစာက ပေးကမ်းထားသမျှကို ဖော်ထုတ်နိုင်လောက်သည်အထိ ခြုံငုံနိုင်စွမ်း ရှိရပါမည်။

ထို့ကြောင့် စနစ်ကျဓမ္မပညာမှ အဆိုပြုချက်တို့သည် ကျွန်ုပ်တို့အား ဆေးများစွာကို ပေးနေသလို ဘေးများစွာကိုလည်း ပေးနေကြောင်း တွေ့ရသည်။ ခရစ်ယာန် အသက်ရှင်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်း၊ သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းတို့အား ယင်းတို့က နည်းမျိုးစုံဖြင့် အားပေးမြှင့်တင်ပေးသည်။ သို့သော် အဆိုပါ အဓိက ဓမ္မပညာ အရင်းအမြစ် သုံးခုဆီ ကျွန်ုပ်တို့ လေ့လာချဉ်းကပ်ရာ၌လည်း ယင်းတို့က ဟန့်တားနိုင်ကြသည်။

# နိဂုံးချုပ်

ဤသင်ခန်းစာထဲတွင် အဆိုပြုချက်များနှင့် စနစ်ကျဓမ္မဗေဒ တို့ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။ ထို့ပြင် ယင်းတို့၏ အဓိပ္ပာယ်၊ အရေးပါပုံ အကြောင်းရင်းတို့ကိုလည်း အခြေခံကျကျ သိနားလည်ခဲ့ကြပြီး ဖြစ်သည်။ စနစ်ကျဓမ္မပညာမှာ အဆိုပြုချက်တို့အား မည်သို့ ဖွဲ့စည်းယူကြသည်ကိုလည်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်သည်။ ထို့ပြင် ယင်းတို့က ပေးလာသည့် ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံအချို့ကိုလည်း ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။

ဓမ္မပညာဆိုင်ရာ အဆိုပြုချက်များကို ဖွဲ့စည်းခြင်းသည် စနစ်ကျဓမ္မပညာတည်ဆောက်ရေး လုပ်ငန်းစဉ်အတွက် မရှိမဖြစ် အရေးပါသည်။ ခရစ်ယာန် ယုံကြည်ခြင်း၏ မှန်ကန်ချက်များကို မည်သို့ ဖော်ပြ၍ ခုခံကာကွယ်ရသည်ကို ကျွန်ုပ်တို့ သိရှိထားရမည် ဖြစ်သည်။ ဤအကြောင်းကြောင့်ပင် ရာစုနှစ်များစွာတလျှောက် စနစ်ကျဓမ္မပညာတည်ဆောက်ရေးအတွက် ဓမ္မပညာအဆိုပြုချက်များသည် အရေးပါလျက်ရှိခဲ့ကြသည်။ ယနေ့ကာလမှာပင်လျှင် ယင်းတို့သည် စင်ကြယ်သော စနစ်ကျဓမ္မပညာ တည်ဆောက်ရေးအတွက် အချက်အချာကျနေဆဲ ဖြစ်ပေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။